မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အဇာဘိုင်ဂျန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၈

၂၀၀၇ခုနှစ် မေ ၂၈ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာဟိုင်ဒါအေအာလီယက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဂန့်ဂေါ–ဟားခါးလမ်းအား လမ်းတာရဲ့ခြင်းနှင့် လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လက်ဖက်ဧက တစ်သိန်းပြည့်မီကျော်လွန်အောင် မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုး စိုက်ပျိုးမှုအရှိန်ရလာသည့်နှင့်တစ်ပြိုင်နက် စက်ရုံလည်ပတ်ပြီး ကုန်ထုတ်လုပ်မှုစတင်

ဒေသ၏အားထားရသော စီးပွားရေးလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်

နေပြည်တော် မေ ၂၇

မကွေးတိုင်း ဂန့်ဂေါမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၄ ရက် နံနက် ၇ နာရီတွင် ဂန့်ဂေါမြို့ နယ်မြေခံတပ်မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

လေးပွင့်ဆိုင်ခြေစမ်းပွဲ နောက်ဆုံးနေ့ယှဉ်ပြိုင် အနီရောင်အသင်းက အဝါရောင်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရ

ဇော်ထက်အောင် ခေါင်းဆောင်သည့် အနီရောင်အသင်းအား တွေ့ရစဉ်။

မောင်မောင်မြင့်ဆွေ၏ သတင်းမြင်ကွင်း (စာ - ၉)

မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားအညွှန်း

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေ မရှိသော နိုင်ငံဟူ၍ ရှိပင်မရှိတော့ဟုဆိုကြပြီး ထိရောက်စွာအကောင်အထည်ဖော်မှု မဖော်မှုသာ ကွာခြားကြပေသည်။ မူပိုင်ခွင့်ဥပဒေသည် ခေတ်မီနိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် အင်္ဂါရပ်ပင်ဖြစ်၏။

မောင်မောင်မြင့်သိကၡာ (မင်းကင်း)၏ ဆောင်းပါး (စာ - ၄၅)

ပီဇာရို ချယ်လ်ဆီးသို့ ရောက်ရှိ လာဖွယ်ရှိ

ချယ်လ်ဆီးသို့ ရောက်ရှိလာဖွယ်ရှိသည့် ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး ပီဇာရို။

ကမ္ဘာ့တစ်လွှားအားကစား (စာ - ၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

28-5 (01) 1 5/27/07, 1:06 PM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၂၈ ရက်)

ပညာရည်မြင့်မားသော မျိုးဆက်သစ်များ ပေါ်ထွန်းရေး တီထွင်တွေးခေါ် မြော်မြင်တတ်အောင် သင်ကြားပေး

အခြေခံပညာကျောင်းများအားလုံး လာမည့်ဇွန်လ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်သည်။ ၂၀၀၇-၂၀၀၈ပညာသင်နှစ်၏ သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းများကို စတင်ဖော်ဆောင်တော့မည် ဖြစ်သည်။

နိုင်ငံတော်၏ အနာဂတ်အတွက် အဓိကအင်အားတစ်ရပ်ဖြစ်သည့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရမည် ဖြစ်သည်။ သို့မှသာ အနာဂတ်တွင် ပညာရည်မြင့်မားသော မျိုးဆက်သစ်များ ပေါ်ထွန်းလာမည် ဖြစ်သည်။

ယခုအခါ အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းများ ၄၀၅၄၈ ကျောင်းကို ဖွင့်လှစ်ထားရှိပြီး ဆရာ ဆရာမပေါင်း ၂ ဒသမ ၅ သိန်းကျော်က ကျောင်းသား ကျောင်းသူ ၇ ဒသမ ၈၃ သန်း ကျော်တို့အား အခြေခံပညာများ သင်ကြားပေးလျက် ရှိသည်။

နိုင်ငံတော်အနေဖြင့် အရည်အချင်းမြင့်မားသော မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေးအတွက် ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေး၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှု သင်ထောက်ကူပစ္စည်းများ အသုံးချနိုင်ရေး ဖြည့်ဆည်းပေးလျက် ရှိသည်။

ဆရာ ဆရာမများအနေဖြင့် ဘက်စုံပညာဖွံ့ဖြိုးသည့် နိုင်ငံ၏အနာဂတ်ကို ဖန်တီးကြမည့် ဉာဏ်ရည်ထက်မြက်သော လူငယ်များကို မွေးထုတ်ပေးကြရမည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူများကလည်း နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ပခုံးပြောင်းတာဝန်ယူထမ်းဆောင်နိုင်မည့်သူများဖြစ်ရန် ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေး၊ တီထွင်တွေးခေါ် မြော်မြင်တတ်သူများ ဖြစ်လာရေးအတွက် ဆရာ ဆရာမများနှင့် တာဝန်ရှိသူအားလုံးက လေ့ကျင့် ပြုစုပျိုးထောင် သင်ကြားပေးသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်းအမှတ် ၁၀၇ နေ ဦး ခင်မောင်လတ်- ဒေါ်အေးအေး၊ သား မောင် ကျော် ဇင်ဦး၊ သမီး မနှင်းပွင့်အေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို ဝိနယကောဝိဒ ဆရာတော်ဘဒ္ဒန္တအရိယဓမ္မထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စီမံကိန်းအလိုက် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးပမ်း

နေပြည်တော် မေ ၂၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ၂၅ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ ရောက်ရှိစစ်ဆေးရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းအလုပ်ရုံ အဆောက်အအုံများအတွက် Steel Structure များ သင်္ဘောတင်ပို့မည့် အစီအစဉ်၊ စီမံကိန်းနယ်မြေသို့ သယ်ယူမည့်အစီအစဉ်နှင့် အလုပ်ရုံများတွင် တပ်ဆင်မည့် အစီအစဉ်များကို လည်းကောင်း၊ မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းအတွက် စက်ပစ္စည်းကိရိယာများ သင်္ဘောတင်ပို့ရောက်ရှိမှုနှင့် ထိန်းသိမ်းထားရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးက စီမံကိန်းတစ်ခုချင်းအလိုက် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ စီမံကိန်းအလုပ်ရုံများအတွက် Steel Structureများ ရောက်ရှိပါက တပ်ဆင်မည့် နေရာများတွင် စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ မြေထိုးစက်၊ မြေတူးစက် ထုတ်လုပ်မှုစက်ရုံစီမံကိန်းတွင် စက်ပစ္စည်းများ အချိန်မီတပ်ဆင်နိုင်ရန် အတွက် တည်ဆောက်မှုလုပ်ငန်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ သင်္ဘောတင်ပို့ ရောက်ရှိလာသည့် စက်ပစ္စည်းများအား စနစ်တကျ စစ်ဆေး လက်ခံ၍ စာရင်းဇယားများ ထားရှိပြီး လုံခြုံစွာ ထိန်းသိမ်းရေး၊ စက်တပ်ဆင်ရေးအပိုင်းအတွက်Technician Group ဖွဲ့စည်းထားရန်နှင့် လိုအပ်သော ကြိုတင်လေ့လာပြင်ဆင်မှုများပြုလုပ် ထားရှိရေး ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးစေရေးနှင့် စက်သုံးဆီ ချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြိုတင်ပြင်ဆင်ထား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံများတွင် Steel Structure များ တပ်ဆင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ မြေထိုးစက်၊ မြေတူးစက် ထုတ်လုပ်မှုစက်ရုံ စီမံကိန်း အလုပ်ရုံများ တည်ဆောက်ပြီးစီးမှုများနှင့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ရန် နေရာချထားမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာတရားတော် (အပိုင်း-၇) (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၀၅	နိုင်ငံခြားဝင်ငွေတိုးစေဖို့ စွမ်းအားအပြည့်သုံးကြစို့
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ဥက္ကာမင်းမောင်နှင့်တွေ့ဆုံခြင်း)
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	HOTEL GUIDE (Hotel Nikko)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကိတ်မုန့်ပေါ်ကအနုလက်ရာ
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (သောင်းပြောင်းထွေလာ ကျန်းမာရေး ပြဿနာများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပျော်ရွှင်မှုကိုခံစားစေမည့် ဘက်စုံကစားကွင်းဆီ
၁၁း၂၀	မိုးလေဝသခန့်မှန်းချက်
၁၁း၂၅	**စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)**
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၅	ကလသာပူရ၏နှလုံးသားပဲ့တင်သံ
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	အမျိုးသမီးရုပ်သေးကြိုးဆွဲပညာရှင်နှင့် တွေ့ဆုံခြင်း
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၈-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၁၅	၁၀။	မိုးလေဝသသတင်း
၆း၂၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၂၂)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၀)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ နှင်းဆီကုန်း စပယ်လမ်းနေ ဦးကျော်စိန်၊ ဒေါ်မျိုးမျိုးဆန်း၊ သား မောင်မင်းခန့်မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်တန်းသာသနာပြုလုပ်ငန်း ဆောင်ရွက်ရန် ငွေနှင့် သက်န်းများလှူဒါန်း ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်လက်ခံ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေး

ရန်ကုန် မေ ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန တောင်တန်းသာသနာပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေနှင့်သင်္ကန်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်၍ အလှူငွေနှင့်သင်္ကန်းများကို လက်ခံသည်။

တက်ရောက်

လှူဒါန်းပွဲသို့ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင် အိန္ဒိယသမ္မတနိုင်ငံတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဗုဒ္ဓပိယက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၈၅၀၀ နှင့် ယူရို ၃၀၀၀ ကို ဒါယကာ တစ်ဦးကလည်းကောင်း၊ အလှူရှင်သီရိသုဓမ္မသီဂိ ဒေါ်ခင်နန်းမွန်၊ သား သမီး၊ မြေးတစ်စုက သင်္ကန်းဒွိစုံ ၂၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ တောင်တန်းသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူရှင် သီရိသုဓမ္မသီဂိဒေါ်ခင်နန်းမွန်၊ သားသမီး၊ မြေးတစ်စုက သင်္ကန်းဒွိစုံ ၂၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော် ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့တွင် ကျင်းပသည့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)နှစ်ပတ်လည်အစည်းအဝေး၏ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကာဇက်စတန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့တွင် မေ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)နှစ်ပတ်လည် အစည်းအဝေး၏ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့နံနက် ၉ နာရီက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာ ဟောပြောပွဲ နှင့် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲ ကို မေ ၂၄ ရက် နံနက် ၉ နာရီက ပြည်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံးက လူမှောင်ခိုနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ်ဒေါ်ခင်မာဝေက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပြည်ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်လေးညိုက အမျိုးသမီးများရရှိပြီးသော အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း အသီးသီးဟောပြောကြသည်။

ပြန်လည်ပေးအပ်

ယင်းနောက် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မို့မို့ဦးက အဖွဲ့ဝင်အဆိုပြုလွှာ အစောင် ၁၆၀ ကို ပေးအပ်ရာ အဖွဲ့နာယက ဒေါ်သိန်းပိုင်က လက်ခံရယူပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အဖွဲ့ဝင် စိစစ်ရေးကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ကျောင်းအုပ်ဆရာမကြီးအား ပြန်လည်ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သိန်းပိုင်နှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (ပြည်)ခန်းမတွင် ကျင်းပသည့် အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ ဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာ ပေးအပ်ပွဲသို့တက်ရောက်ပြီး ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကက အဖွင့်အမှာစကားပြောကြားကာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံး၊ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ်ဒေါ်ခင်မာဝေနှင့် ပြည်ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်လေးညိုတို့က အသီးသီးဟောပြောကြသည်။

ပေးအပ်

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ် (ပြည်) ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်သန်းနွဲ့အောင်က အဖွဲ့ဝင် အဆိုပြုလွှာ ၂၀၄ စောင်ကို ပေးအပ်ရာ နာယကဒေါ်သိန်းပိုင်က လက်ခံရယူပြီး **(ဝဲပုံ)**အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အဖွဲ့ဝင်စိစစ်ရေးကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ကျောင်းအုပ်ဆရာမကြီးအား ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၂၇

ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၌ ၁၉၈၆–၁၉၈၇ခု ပညာသင်နှစ်မှ စတင်၍ ယနေ့အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇွန်၃ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အာစရိယ ပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အလှူငွေများကိုလှူဒါန်းလိုပါက ကိုအေးထွန်းလင်း ဖုန်း–၀၉–၅၁–၁၉၁၁၇၊ ကိုမင်းဦး ဖုန်း–၀၉–၅၀–၀၇၁၆၆၊ ကိုမိုးသူကျော် ဖုန်း–၀၉–၈၀–၂၂၀၇၁၊ ကိုကျော်ကျော်နိုင် ဖုန်း–၀၉–၉၉–၂၈၆၃၇၊ ကိုကျော်မြတ်သော် ဖုန်း–၀၉–၈၀–၂၄၄၁၈၊ ကိုမျိုးမင်းအောင်ကျော် ဖုန်း–၀၉–၅၀–၂၅၄၀၀၊ ကိုကျော်မောင်မောင်ဝင်း ဖုန်း–၀၉–၈၀–၂၄၂၂၇၊ ကိုရူပ ဖုန်း–၀၉–၈၀–၂၃၆၄၆ နှင့် ကိုရဲဝင့်ထူး ဖုန်း– ၀၉–၅၀–၀၃၇၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက်မှ ၃၁ ရက်အထိ

စိတ်ဓာတ် ကျန်းမာ ပညာ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

မေ ၂၃ ရက်က ဇဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဗိုလ်ချို(၁)၊ ဗိုလ်ချို(၂)၊(ငါး/တောင်)၊ (ငါး/မြောက်)၊ (ငါး/နောက်) ရပ်ကွက်များရှိ အဖွဲ့ဝင်များအား အသေးစားချေးငွေထုတ်ပေးခြင်းနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကိုကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ထောက်ပံ့ငွေပေးအပ်စဉ်။ (က–ပ)

မူပိုင်ခွင့်နှင့် အမျိုးသားရေးတာဝန်

မောင်မောင်မြင့်သိကၡ်း
(မင်းကင်း)

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် တစ်ရပ်ဖြစ်သော **“နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖြစ်ပေါ်လာစေရေး”** အတွက် အသိပညာဆိုင်ရာပစ္စည်းများ (Intellectual Property) ဖြစ်သော မူပိုင်ခွင့် (Copyrights)၊ တီထွင်မှု မူပိုင်ခွင့်များ (Patents)၊ ကုန်အမှတ် တံဆိပ်များ (Trademarks)နှင့် စက်မှုဒီဇိုင်းများ (Industrial Designs)များအတွက် လိုအပ်သော ဥပဒေများပြဋ္ဌာန်းပေးရပေမည်။ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများ (Intellectual Property Law) များကို ဝန်ကြီးချုပ်ရုံး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးမှ ဦးဆောင်ပြီး ရေးဆွဲလျက်ရှိရာ ယခုအခါ နဝမ(မူကြမ်း)အထိ ရေးဆွဲပြီးဖြစ်ကြောင်း သိရှိရပါသည်။

သတင်းစာ၊ ဂျာနယ်များတွင်လည်း စာနယ်ဇင်းသမားများ၊ ဥပဒေသမားများက မူပိုင်ခွင့်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ သတင်းစာပညာပေး ရေးသားချက်များကို အလေးထားရေးသားကြပြီး ဟောပြောဆွေးနွေးပွဲများ ကျင်းပခြင်း၊ တက္ကသိုလ် ဘွဲ့လွန်သင်တန်းများတွင်လည်း အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေဘာသာရပ်များကို ထည့်သွင်းသင်ကြားကြခြင်းတို့ကြောင့် ပြည်သူလူထုအတွင်း မူပိုင်ခွင့်ကို အရေးထားမှု (Intellectual Property Awareness)များ အသိပညာ တိုးတက်ဖွံ့ဖြိုးလာကြသဖြင့် ဝမ်းသာကြိုဆိုပါသည်။

စင်စစ် မူပိုင်ခွင့်ဥပဒေသစ်များမှာ မပြဋ္ဌာန်းရသေးသော်လည်း လက်ရှိမြန်မာနိုင်ငံ၏ ဥပဒေများတွင် မူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးသော ပြဋ္ဌာန်းချက်များ ရှိနှင့်ပြီးသား ဖြစ်ပါသည်။ သူတစ်ပါး၏ သီချင်းတစ်ပုဒ်ကို ခိုးယူသုံးစွဲ၍ မရပါ။ သူတစ်ပါး တီထွင်ဖန်တီးထားသော ကုန်ပစ္စည်းဒီဇိုင်းကို တုပသုံးစွဲ၍ မရပါ။ အရေးယူနိုင်သည့် ဥပဒေများရှိနှင့်ပြီးသား ဖြစ်ပါသည်။ ယင်းဥပဒေများသည် သင့်အားသူတစ်ပါး၏ မူပိုင်ခွင့်ကို ခိုးယူခြင်းမှ တားမြစ်ထားခြင်း ဖြစ်သကဲ့သို့ သင်၏မူပိုင်ခွင့်ကိုလည်း သူတစ်ပါးက ခိုးယူခြင်းမှ တားမြစ်မည် ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်နွှယ်သော ဥပဒေများကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်။

ရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။ တီထွင်ဖန်တီးမှုကို ပိုမို၍လည်း လုပ်ဆောင်လာကြပြီး ကိုယ်ပိုင်ဉာဏ် ဖန်တီးမှုဖြင့် သီချင်း၊ ဝတ္ထု၊ ကဗျာများရေးကြမည် ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုး၏အဆင့်အတန်း တိုးတက်လာမည် ဖြစ်ပါသည်။ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းပြီး ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်ပလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ထိုသို့ ပြည်ပလုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်များ၊ တီထွင်မှုများ၊ နည်းပညာများ၊ ဒီဇိုင်းများကို အကာအကွယ်ပေးခြင်းဖြင့် မိမိနိုင်ငံသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ရှိလာခြင်း၊ ငွေမာများ ဝင်လာခြင်း၊ နည်းပညာသစ်များ ရရှိနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာခြင်း၊ နိုင်ငံတကာ ကုန်သွယ်မှုနယ်ပယ်တွင် မျက်နှာရခြင်း စသည့် အကျိုးများ ခံစားရပေမည်။

နိုင်ငံတကာ အသိုင်းအဝိုင်းမှ အသိအမှတ်ပြုထားသောအချက်မှာ (မူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် တန်ဆာပလာ ကိရိယာဖြစ်သည်) (Intellectual property rights protection is the tool for economic growth of a state) ဟူ၍ ဖြစ်ပါသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေမရှိသောနိုင်ငံဟူ၍ ရှိပင်မရှိတော့ဟုဆိုကြပြီး ထိရောက်စွာ အကောင်အထည်ဖော်မှု၊ မဖော်မှုသာ ကွာခြားကြပေသည်။ မူပိုင်ခွင့်ဥပဒေသည် ခေတ်မီနိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်အင်္ဂါရပ်ပင် ဖြစ်ပါသည်။

အသိဉာဏ်ပစ္စည်း (Intellectual Property) ဆိုသည်မှာ လူ့အသိဉာဏ်၊ လူ့ဦးနှောက်မှ စဉ်းစားတွေးခေါ် ဆင်ခြင်တိုင်းထွာကာ အသိဉာဏ်ကွန့်မြူးပြီး စဉ်းစားဖော်ထုတ်အပ်သော ပစ္စည်းတစ်ရပ်ပင် ဖြစ်ပါသည်။ ထိုပစ္စည်းသည် လူ့အသိဉာဏ်၊ လူ့စိတ်ကူးစိတ်သန်း၊ စဉ်းစားတွေးခေါ်မှု၊ ဆင်ခြင်စဉ်းစားမှုတို့မှ မြစ်ဖျားခံခဲ့ပြီး အကောင်အထည်ဖော်လာခြင်းဖြစ်၍ လွယ်လွယ်ကူကူ ပြုလုပ်နိုင်သည့် ပစ္စည်းတစ်ရပ်မဟုတ်ပါ။ ယနေ့မြင်တွေ့နေရသော စာအုပ်စာပေ၊ ပန်းချီ၊ ပန်းပုစသည့် ပန်း ၁၀ မျိုး ဗိသုကာလက်ရာများ၊ အနုပညာရပ်များ၊ တီထွင်မှုများသည် လူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် (IPR) များပင် ဖြစ်ပါသည်။

အမျိုးအစား	**ပင်မဥပဒေ**	**သက်ဆိုင်သောအခြားဥပဒေ**
ကုန်အမှတ်တံဆိပ် Trademarks	မရှိ	– ရာဇသတ်ကြီး(၁၈၆၀) – ကုန်သွယ်ရေးဆိုင်ရာအမှတ်အသားများအက်ဥပဒေ(၁၈၈၉) – သီးခြားသက်သာခွင့်အက်ဥပဒေ (၁၈၇၇) – ပင်လယ်အကောက်ခွန်အက်ဥပဒေ (၁၈၇၈) – မှတ်ပုံတင်အက်ဥပဒေ (၁၉၀၈)
စာပေအနုပညာမူပိုင်ခွင့် Copyrights	–၁၉၁၄ခုနှစ် မြန်မာနိုင်ငံမူပိုင်ခွင့် အက်ဥပဒေ (Myanmar Copyrights Act 1914)	– သီးခြားသက်သာခွင့်အက်ဥပဒေ (၁၈၇၇) – ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ (၁၉၉၆) – ရုပ်ရှင်အက်ဥပဒေ (၁၉၉၆)
တီထွင်မှုမူပိုင်ခွင့် Patents	မရှိ	– တီထွင်မှုမူပိုင်ခွင့်နှင့်ဒီဇိုင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ(၁၉၄၆) – သီးခြားသက်သာခွင့်အက်ဥပဒေ (၁၈၇၇) – သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (၁၉၉၄)
စက်မှုလက်မှုဒီဇိုင်း Industrial designs	မရှိ	– တီထွင်မှုမူပိုင်ခွင့်နှင့်ဒီဇိုင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ (၁၉၄၆) – သီးခြားသက်သာခွင့် အက်ဥပဒေ (၁၈၇၇) – သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (၁၉၉၄)

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် (Intellectual Property Right) (IPR) ဟူသည် တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ပစ္စည်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် ရွှေ၊ငွေ ရတနာကဲ့သို့ ပိုင်ဆိုင်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ ရွှေ၊ ငွေ ရတနာနှင့် ကွဲပြားသည်မှာ မူပိုင်ခွင့်သည် ထုထည်ဖြင့် ကိုင်တွယ်၍ မရသော ပစ္စည်းမျိုး (Intangible Property) ဖြစ်ပါသည်။ နိုင်ငံတစ်ခုတွင် (IP) မူပိုင်ခွင့်ကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ခြင်းကြောင့် ကုန်သွယ်မှု စီးပွား

ခေတ်အဆက်ဆက် အပတ်တကုတ် ရေးသားပြုစုဆောင်ရွက်ခဲ့ကြသော စာပေပညာရှင်ကြီးများ၊ ပန်းချီ၊ ပန်းပုစသည့် ပညာရှင်ကြီးများ၏ လက်ရာများသည် လူ့လောကကို အလှဆင်ခဲ့ကြ၍ တန်ဖိုးမဖြတ်နိုင်သည့် ရတနာများပင် ဖြစ်ပေသည်။ ထိုနည်းတူ ဆန်းသစ်တီထွင်ခဲ့ကြသော ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်ကြီးများ၏ အကျိုးကျေးဇူးမှာ ဖော်မပြနိုင်လောက်အောင်ပင် လူသားတို့အား အကျိုးပြုခဲ့ကြသဖြင့် ၎င်းတို့၏ ကျေးဇူးမှာ ကြီးမားလှပါသည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစ၍ တီထွင်ခဲ့ကြသူ၊ ကြိုးပမ်းခဲ့ကြသူများမှာ မရေမတွက်နိုင်အောင် များပြားလှပါသည်။

သမိုင်းဦးခေတ်က စက်ဝိုင်းဘီး တီထွင်ခဲ့ကြ၍ ရွှေ့ပြောင်းလွယ်ခြင်း၊ ကုတ်ကိုထွင်ခဲ့၍ ဝန်ချီစက်များနောင်တွင် ပေါ်ပေါက်လာပြီး လေးလံသောပစ္စည်းများကို မ, တင်နိုင်ခြင်း၊ စက္ကူတီထွင်ခဲ့၍ စာပေရေးသားရခြင်းစသည်စက်ဖြင့် နောက်ဆုံးအဆင့်မြင့် နည်းပညာများတီထွင်လာခဲ့၍ တီထွင်မှုများ (Patents) ကို ပိုင်ဆိုင်အသုံးပြုခွင့်များ၊ မူပိုင်ခွင့် (Copyrights) ရရှိရန်မှာ အရေးပါလှကြောင်း ထင်ရှားလာပေသည်။ လူသုံးကုန်ပစ္စည်းများ တွင်ကျယ်စွာထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတွင် ကိုယ်ပိုင် ကုန်ပစ္စည်းများကို သူတစ်ပါး၏ ကုန်စည်ပစ္စည်းနှင့်ကွဲပြား၍ ကုန်အမှတ်တံဆိပ် (Trademark) များကို သီးခြားလွတ်လပ်စွာ အသုံးပြုနိုင်ရေးနှင့် အကာအကွယ်ပေးရန်မှာ ယနေ့ ကမ္ဘာ့ကုန်သွယ်ရေးလောကတွင် အထူးလိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် လူသားတို့၏ အသိဉာဏ် ပစ္စည်းများကို အကာအကွယ်ပေးရန် နိုင်ငံတကာ ကွန်ဗင်းရှင်းစာချုပ် အများအပြား ချုပ်ဆိုနေကြခြင်း ဖြစ်ပါသည်။ စာပေ အနုပညာလက်ရာများ (Copyrights) နှင့် တီထွင်မှုဆိုင်ရာ ပစ္စည်းများကို အတုပြုလုပ်ရောင်းချနေသူများ၏ အန္တရာယ်မှာ မသေးလှချေ။ လူသုံးကုန်ပစ္စည်းများ၊ ရုပ်ရှင်၊ ဗီဒီယို၊ တိပ်ခွေသီချင်းများ မှောင်ခိုရောင်းချနေမှုများကို ကျွန်ုပ်တို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း နိုင်ငံတကာ ကုန်သွယ်ကူးသန်းရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖွံ့ဖြိုးစေရန်နှင့် အလုပ်အကိုင်များ ပိုမိုရရှိလာစေရေးတို့အတွက် အကျိုးပြုနိုင်မည့် ပြည်တွင်း၊ ပြည်ပ အသိဉာဏ်ပစ္စည်းများ ကာကွယ်ရေး Intellectual Property Rights ကို အထူးဂရုပြု ကာကွယ်ပေးကြရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၄–၄–၁၉၄၈နေ့တွင် ၁၉၄၅ခုနှစ်က ပေါ်ပေါက်ခဲ့သော ကုလသမဂ္ဂအဖွဲ့ကြီး (UN)၏ (၅၈)နိုင်ငံမြောက် အဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်တွင် ၁၉၄၇ခုနှစ်က ပေါ်ပေါက်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးနှင့် အခွန်အတုတ်များ ဆိုင်ရာ အထွေထွေသဘောတူညီချက် (General Agreement On Tariffs and Trade) (GATT) တစ်ရပ်ရှိခဲ့ရာ ယင်းသဘောတူညီချက်ကို မြန်မာနိုင်ငံကလည်း ၂၉–၆–၁၉၄၈နေ့တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပါသည်။ GATT ကို ခေတ်နှင့်အညီ ပြင်ဆင်ရန် နှစ်ပေါင်းများစွာ ဆွေးနွေးခဲ့ပြီးနောက် မော်ရိုကိုနိုင်ငံ မာရာကတ်ရှ်မြို့တွင် ပြုလုပ်သော အစည်းအဝေးတွင် သဘောတူညီချက် ချမှတ်နိုင်ခဲ့သဖြင့် ၁၅–၄–၁၉၉၄ တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (World Trade Organization) (WTO) ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ (WTO Agreement) စတင် သက်ဝင်လှုပ်ရှားခဲ့သော ၁–၁–၁၉၉၅တွင် မြန်မာနိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။

WTO တွင် GATT လက်ထက်က ချုပ်ဆိုခဲ့ကြသော ကုန်သွယ်ရေးစာချုပ်များ အပါအဝင်ဖြစ်သည်။ ၁၉၉၄ ခုနှစ်က ချုပ်ဆိုကြသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်များဆိုင်ရာ ကုန်သွယ်ရေး သဘောထား သဘောတူ စာချုပ်ကြီး [Agreement On Trade Related Aspects of Intellectual Property Rights (TRIPS Agreement)]သည်လည်း နောက်ဆက်တွဲအဖြစ် ပါရှိခဲ့ပါသည်။ ယင်းသည် နှစ်ပေါင်းများစွာက ရှိနှင့်နေခဲ့သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်များဆိုင်ရာနှင့် ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များမှ သင့်လျော်ရာ ပြဋ္ဌာန်းချက်များကို ကောက်နုတ် စုစည်း ဖြည့်စွက်ထားခြင်းဖြစ်ရာ နိုင်ငံတကာ ကုန်သွယ်ရေးအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကမ္ဘာ့စံများ၊ စာချုပ်များပင် ဖြစ်ပါသည်။ ယင်းစာချုပ်များမှာ–

(က) Rome Convention(1961) (ဖျော်ဖြေသူများ၊ အသံသွင်း ထုတ်လုပ်သူများ၊ အသံလွှင့်လုပ်ငန်းများဆိုင်ရာ)

(ခ) Paris Convention (1967) (စက်မှုလက်မှုပစ္စည်းများဆိုင်ရာ)

(ဂ) Berne Convention (1971) (စာပေအနုပညာ မူပိုင်ခွင့်ဆိုင်ရာ)

(ဃ) IPIC Treaty (1980) (လျှပ်စီးပတ်လမ်းကြောင်းဆိုင်ရာ)
(The Treaty on IP in Respect of Integrated Circuits)

(င) GATT(1994)(ကုန်သွယ်ရေးနှင့် အခွန်အတုတ်ဆိုင်ရာ)

(စ) WTO Dispute Settlement Understanding(1994) (ကုန်သွယ်ရေး၊ အငြင်းပွားမှုဖြေရှင်းရေး)တို့ ဖြစ်ကြပါသည်။

WTO ၏ ထူးခြားချက်မှာ အဖွဲ့ဝင်နိုင်ငံများသည် WTO Agreement, Article II, z အရ TRIPS ကို အလိုအလျောက် လိုက်နာရမည်ဖြစ်ကြောင်း သတ်မှတ်ထားရာ အဆိုပါ စာချုပ်တစ်ခုချင်းဆီသို့ မဝင်ရသေးသော WTO နိုင်ငံတစ်နိုင်ငံသည် TRIPS ပါ စာချုပ်တစ်ခုချင်းမှ ပတ်သက်သမျှသော ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်ပါသည်။ ဥပမာ မြန်မာနိုင်ငံသည် မည်သည့်စာချုပ်ကိုမျှ ဝင်ရောက်ထားခြင်းမရှိသေးသော်လည်း TRIPS ပါ ယင်းစာချုပ်များမှ သက်ဆိုင်ရာ စာချုပ်များကိုမူ လိုက်နာရမည် ဖြစ်သည်။ စာချုပ်တစ်ခုချင်းတွင် အခြားပြဋ္ဌာန်းချက်များ ရှိသေးရာ တစ်နိုင်ငံချင်းအလိုက် ဝင်ရေး၊ မဝင်ရေးကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိပေသည်။ TRIPS တွင် Copyrights, Trademarks, Patents စသည်ဖြင့် အသိဉာဏ်ပစ္စည်းကဏ္ဍကြီး ခုနစ်ရပ်နှင့် ကုန်သွယ်ရေး၊ အငြင်းပွားမှု ဖြေရှင်းရေးကဏ္ဍတို့ကို သီးခြားပြဋ္ဌာန်းထားလေသည်။

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နှင့် ပတ်သက်၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး World Intellectual Property Organization (WIPO) အဖွဲ့ကြီးသည် လှုပ်ရှားမှုရှိပြီး အရေးပါဆုံးဖြစ်ပေသည်။ ယင်းအဖွဲ့ကြီးသည် ၁၈၉၃ခုနှစ်က ပေါ်ပေါက်ခဲ့သော BIRPI အဖွဲ့ (United International Bureau for The Protection of Intellectual Property) ကို ၁၉၇၀ ပြည့်နှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ WIPO သည် နိုင်ငံတကာ မူပိုင်ခွင့် သဘောတူစာချုပ်များကို ကမကထပြု၍ ရေးဆွဲခဲ့သည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သက်ဆိုင်ရာ IP အမျိုးအစားအလိုက် နမူနာဥပဒေများ (Model Laws) ကိုလည်း ရေးဆွဲပေးခဲ့ရာ မူပိုင်ခွင့်ရေးရာ သဘောတရားများ ဖွံ့ဖြိုးတိုးတက်ရေးကို အထိရောက်ဆုံး အားပေးခဲ့သော အဖွဲ့ကြီးပင် ဖြစ်သည်။ WIPO သည် ၁၉၇၄ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ရပ် ဖြစ်လာခဲ့သည်။မြန်မာနိုင်ငံသည် WIPO သို့ ၁၅–၅–၂၀၀၁တွင် ဝင်ရောက်ခဲ့သည်။ WIPO သည် မြန်မာနိုင်ငံ၏ ဥပဒေသစ်များ ရေးဆွဲရာတွင် များစွာအကူအညီပေးလျက်ရှိပြီး ကျွမ်းကျင်သူများကိုယ်တိုင်လာရောက်၍ ဆွေးနွေးအကြံပေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့ပါသည်။ ကုလသမဂ္ဂလက်အောက်ခံ WTO နှင့် WIPO တို့သည် ၂၂–၁၂–၁၉၉၅ တွင် သဘောတူညီချက်တစ်ရပ်ကို (WTO-WIPO Agreement 1995) ကို ချမှတ်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ကုန်သွယ်ရေး၊ ဥပဒေရေး၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရေးရာတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက် အကူအညီပေးရန် ဖြစ်ပေသည်။ TRIPS သည် WTO နှင့် WIPO ဝင်နိုင်ငံများ အားလုံးအတွက် မူပိုင်ခွင့်ရေးရာ စံအဖြစ် ပိုမိုအသိအမှတ်ပြု ခံလာရပါသည်။

TRIPS တွင် မူပိုင်ခွင့်ပြဋ္ဌာန်းချက်များကို လိုက်နာရန် နိုင်ငံအသီးသီး၏ အခြေအနေအလိုက် ကာလအကန့်အသတ်များ ခွဲခြားသတ်မှတ်ပေးထားပါသည်။ မြန်မာနိုင်ငံသည် WTO အဖွဲ့ဝင်ဖြစ်သော ၁–၁–၁၉၉၅ ရက်နေ့မှ သာမန် ဆိုင်းငံ့ကာလ တစ်နှစ်အပြင် နောက်ထပ် ၁၇ နှစ်ခွဲ ခွင့်ပြုထားသဖြင့် TRIPS ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ၁–၇–၂၀၁၃ ရက်နေ့အထိ ပြင်ဆင်ချိန်ရရှိပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

သတင်းဝေဝေဆာဆာဖြင့် ရွှေနိုင်ငံဂျာနယ် အတွဲ(၆)၊ အမှတ်(၁)ဖြန့်ချိ

ရန်ကုန် မေ ၂၇

ရွှေနိုင်ငံဂျာနယ် အတွဲ(၆)၊ အမှတ်(၁)ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ဝဲပုံ)** အဆိုပါဂျာနယ်တွင် ဒေါက်တာဦးဖေဉာဏ်၏ တစ်ချိန်က အင်အားကြီးမားခဲ့သော မြန်မာ့တပ်မတော်၊ စန္ဒာလင်း၏ မြန်မာပြည်မြောက်ဖျား မိုးယံမှကြယ် ခရီးကြမ်းကိုယ်တွေ့၊ စိုးသီဟစိုး၏ ရေခဲတောင်များ တည်တံ့ရေး ထိပ်တန်း ဦးစားပေး၊ ခင်အောင်စိုး၏ မြန်မာနိုင်ငံသည် မုတ်သုံရာသီကာလအတွင်း မိုးရေအလုံအလောက်ရ၊ ဆုမွန်၏ခရီးသွားလုပ်ငန်းနှင့် ဒေသခံများပူးပေါင်းပါဝင်မှု၊ ကျော်ဌေး(ဘီအေစီ)၏ စက်ရုပ်သူငယ်ချင်း စသည့် ဆောင်းပါးများ ပါဝင်သည်။

ထို့ပြင် အသစ်တည်ဆောက်မည့် ရေအားလျှပ်စစ်ဓာတ်အားကွန်ရက်အထူး စီမံကိန်း၁၀ခု၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ၇၃ရာခိုင်နှုန်းကျော် ပြီးစီးနေပြီး အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်မည်၊ မေခ မလိခမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဆုံဒေသရေအားလျှပ်စစ်စီမံကိန်းများ စတင်ပြီ၊ ရေလုပ်ငန်းပို့ကုန်ဒေါ်လာသန်း၇၅၀ခန့်ရရှိရေးကြိုးပမ်း၊ အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀ နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်(၁၀)ရပ်၊ စီမံချက် ၃၁ခုနှင့် စီမံချက်ခွဲ ၁၀၀ကျော်ကို အခြေခံ၍ ကျောင်းပေါင်း ၄၀၅၀၀ ကျော်၊ တက္ကသိုလ်ကောလိပ်ပေါင်း ၁၅၀ကျော်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မူပိုင်ခွင့်မဂ္ဂဇင်းထုတ်ဝေမည်၊ မိုးလေဝသစခန်း၁၀၂စခန်းနှင့် ဇလဗေဒစခန်း ၆၉ခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို အခွင့်အလမ်းများပိုမိုရရှိအောင်ဆောင်ရွက်ပေးလျက်ရှိ၊ အမေရိကန်နှင့် အိန္ဒိယန္ဒျူကလီးယားကိစ္စရပ်များဆွေးနွေး၊ ဗင်နီဇွဲလားတွင် ရေနံကုမ္ပဏီများကို နိုင်ငံပိုင်သိမ်းပိုက်၊ မြောက်ကိုရီးယားအပေါ် အာဘေးနှင့် ဘုရှ်တို့အာရုံစိုက်၊ အီရတ်အရေးကိစ္စ၌ အီရန်က ရိုက်စ်နှင့် မဆွေးနွေးလို၊ အီရန်နှင့် ဥရောပစေ့စပ်ဆွေးနွေးမှု သဘောတူညီမှုရရှိနိုင် စသည့်ပြည်တွင်း ပြည်ပသတင်းများ ဝေဝေဆာဆာ၊ ဓာတ်ပုံမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖော်ပြပါရှိသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်ပြီး စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ်၊ ရွှေနိုင်ငံဂျာနယ် အမှတ်၂၂၈ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၇ ရက်က အဘိဓမ္မာကထိကဘွဲ့ တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ဝက်လက်မြို့နယ် ဆင်နင်းရွာဇာတိ စစ်ကိုင်းတောင်ရိုး သုဓောဓာရုံကျောင်း တိုက်ဆရာတော် အဘိဇာတာ ဘိဝံသ ပူဇော်ပွဲ နှင့် ဝက်လက်မြို့နယ်အသင်း (ရန်ကုန်)

ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကင်းမြို့နယ် မိုးကောင်းလမ်း နိမ္မိကာကျောင်းတိုက်တွင် ကျင်းပရာ တိပိဋကဓရဘွဲ့တံဆိပ်တော်ရဆရာတော်ထံ လှူဖွယ်ပစ္စည်းနှင့်သင်္ကန်းများကို ဝက်လက်မြို့နယ်အသင်းဥက္ကဋ္ဌ ဦးအေးကို (ရဲမှူးကြီး၊ ငြိမ်း)က ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၀)ဖြန့်ချိ

ရန်ကုန် မေ ၂၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၀)တွင် ဆရာကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အွန်စောတို့ဌာနေအခန်းဆက် ခရီးသွားဆောင်းပါးနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်က မြန်မာ့လေကြောင်း စီးပွားအခွင့်အလမ်းများ ပွင့်လင်းလာစေမည်၊ မြန်မာနိုင်ငံသို့ ဝင်မည့် ကုန်တင်သင်္ဘောတစ်စင်း ရခိုင်ကမ်းလွန်တွင် တိမ်းမှောက်၊ မြန်မာသင်္ဘောသား ၁၀ဦးအား ကယ်ဆယ်ပြီးသော်လည်း သုံးဦးကျန်ရှိနေ၊ သေးသေးလေးလည်းဝယ်လို့ရတယ် (တစ်ကျပ်သား၊ ငါးမူးသား အခေါက်ရွှေအတုံးသေးများ ဝယ်ယူစုဆောင်းမှုများလာ)၊ ပြည်တွင်းပညာရှင်များဖြင့် တစ်သျှူးစက္ကူအောင်မြင်စွာထုတ်လုပ်၊ ကိုရီးယားနိုင်ငံသို့ မြန်မာလုပ်သားများ တရားဝင်စေလွှတ်နိုင်ရန် စီစဉ်သွားမည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖြန့်ချိ

အတက်အဆင်းများနဲ့ပြိုင်မြင်း၂၀တို့၏ ရာသီစက်ဝန်းတစ်ပတ် အားကစားဆောင်းပါးနှင့်အတူ ပေကျင်းမြို့တော် အာဏာပိုင်များ ပညာရေး၌ ပုံအောမည်ဆို၊ ဂျပန်ရာဇဝတ်မှု၏သားကောင်များပြင်ပအကူအညီမရကြ၊ စင်ကာပူဝန်ကြီးချုပ်ကရဏာရက်သတ္တပတ်ဖွင့်လှစ်၊ တောင်နှင့် မြောက်ကိုရီးယား ရထားလမ်းအချိတ်အဆက် အစမ်းဖွင့်လှစ်ပြီ၊ ဂျပန်အရက်ဆာကေး မော်တော်ကားဓာတ်ဆီဖြစ်လာမည်၊ အိန္ဒိယမီးရထား လူကတွန်းရသောအလှည့်လည်းရှိ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
- ၁၆:၅၅ ၅။ အကပဒေသာ
- ၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၇:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၄၅ ၉။ **မြူတိမ်ကင်းသောနေ့** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၃။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံယဉ်ကျေးမှု၊ ပြန်ကြားရေးကော်မတီနှင့် မြန်မာနိုင်ငံ)
- ၁၉:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာ ရွှေအိပ်မက်** (အပိုင်း-၂)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၁၃)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

၎င်းအပြင် မြန်မာနိုင်ငံသည် ၁၉၆၇ ခုနှစ်က စတင် ဖွဲ့စည်းခဲ့သော ASEAN သို့ ၂၃-၇-၁၉၉၇ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး အာဆီယံအသင်းတွင် ကုန်သွယ်ရေး၊ စီးပွားရေး၊ အခွန်အတုတ်၊ ပညာရေး၊ ယဉ်ကျေးမှု စသည်ဖြင့် သဘောတူစာချုပ်များစွာရှိရာ ယင်းတို့အနက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မူဘောင် သဘောတူညီချက် (ASEAN Frame Work Agreement on Intellectual Property Cooperation)လည်း ပါရှိပါသည်။ ယင်းသဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံအားလုံးက လိုက်နာ အကောင်အထည်ဖော်ရန် တာဝန်ရှိပြီး စာချုပ်တွင် မူပိုင်ခွင့်ရေးရာများနှင့် ပတ်သက်၍ TRIPS စာချုပ်ကိုပင် မူပိုင်အဖြစ် ရည်ညွှန်းထားပါသည်။

ASEAN အသင်းကြီးသည် မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် လုပ်ငန်းဆောင်တာ အဖွဲ့များ ASEAN Working Group of IP Cooperation(AWGIPC) ကို ဖွဲ့စည်းထားသည့်အပြင် ၁၉၉၈ ခုနှစ်က ဟန္ဓိုင်းလုပ်ငန်းစဉ် Hanoi Plan of Action ကိုလည်း ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ WTO, WIPO နှင့် ASEAN အဖွဲ့များသို့ ဝင်ရောက်ပြီး နိုင်ငံတစ်နိုင်ငံ အတွက် မူပိုင်ခွင့်ရေးရာများကို TRIPS သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးရန် ဖြစ်ပါသည်။

တင်ပြပါ Patents ခေါ် တီထွင်မှုမူပိုင်ခွင့်သည် နည်းပညာနှင့် စက်မှုပစ္စည်းကိရိယာ တီထွင်မှုကို ကာကွယ်ပေးပြီး ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် (Trademarks) သည် ကုန်အမှတ်တံဆိပ်များနှင့် ကုမ္ပဏီလုပ်ငန်း၏ အမှတ်အသား တံဆိပ်များကို အကာအကွယ်ပေး၍ Industrial Designs ဒီဇိုင်းမူပိုင်ခွင့်ဖြင့် ကုန်ပစ္စည်းဒီဇိုင်းပုံစံများကို အကာအကွယ်ပေးပါသည်။ ထိုအခွင့်အရေးများကို တစုတပေါင်းတည်းဖြင့် Industrial Property Rights စက်မှုပစ္စည်းဆိုင်ရာ အခွင့်အရေးများဟု တစ်ခါတစ်ရံ ခေါ်ဝေါ်သုံးနှုန်းကြပါသည်။

လူ့ယဉ်ကျေးမှုတိုးတက်ရေးကို အထောက်အကူပြုသော ကုန်ပစ္စည်းများကို ဖန်တီးထုတ်လုပ်ရာတွင် စိတ်ကူးစိတ်သန်းနှင့် လက်တွေ့အားထုတ်မှုများဖြင့် များစွာ ကြိုးဆထုတ်လုပ်ရသဖြင့် ထိုကိစ္စများကို ကာကွယ်စောင့်ရှောက်ပေးသော တရားဥပဒေဆိုင်ရာ အခွင့်အရေးများကို တစ်ပေါင်းတည်းအားဖြင့် "အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ" Intellectual Property Rights ဟု ယေဘုယျ သုံးနှုန်းကြပါသည်။

စာပေအနုပညာမူပိုင်ခွင့် (Copyrights) သမိုင်းနှင့် ပတ်သက်၍ ရှေးစာပေအရေးအသား ပေါ်ပေါက်ခဲ့ပြီး ကျောက်သားပြင်ပေါ်၊ အင်္ဂတေနံရံများပေါ်တွင် ရေးခဲ့ကြသည့် စာ၊ ဝတ္ထု၊ ကဗျာ၊ သီချင်းများကို ပေပုရပိုက်ပေါ်တွင် ကူးယူရေးသားခဲ့ကြသည် ဖြစ်၍ မိတ္တူများစွာ ကူးယူဖြန့်ချိရန်မှာ ခက်ခဲခဲ့ပေသည်။ ရေးသားခဲ့သူများမှာလည်း ဝင်ငွေရရန် ရည်ရွယ်ပြီး ရေးခဲ့ကြခြင်းမဟုတ်ဘဲ ဝါသနာဗီဇအရ လည်းကောင်း၊ ရှင်ဘုရင်များ၏ ဆုတော်လာဘ်တော် ပေးသနားခံရရန်လည်းကောင်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ၁၅ရာစုတွင် ပုံနှိပ်စက်များ ပေါ်ပေါက်လာပြီး နည်းပညာအဆင့်ဆင့် တိုးတက်လာသည်နှင့်အမျှ စာအုပ်စာတမ်းများ စောင်ရေများစွာ ဖြန့်ချိခဲ့ကြပါသည်။ စာအုပ်ထုတ်ဝေရေးသည် အကျိုးအမြတ် ရရှိသော ဝင်ငွေကောင်းသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာခဲ့ပါသည်။ ထိုအခါ စာပေအနုပညာ ဖန်တီးသူနှင့် ပုံနှိပ်ထုတ်ဝေသူအကြား အကျိုးအမြတ်ခွဲဝေမှု၊ အငြင်းပွားမှုများ ဖြစ်ပေါ်လာကြသည်။ အနုပညာသမားနှင့် စီးပွားရေးသမားများကြား အကျိုးခံစားခွင့်မျှတစေရန် စာပေအနုပညာသမားများ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် Copyrights Law ကို ပြဋ္ဌာန်းပေးခဲ့ကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မူပိုင်ခွင့်ကို ဓလေ့ထုံးတမ်းအရ ရရှိသောအခွင့်အရေးမဟုတ်ဘဲ ဥပဒေပြဋ္ဌာန်းချက်အရ ရရှိသောအခွင့်အရေး (Statutory rights)ဟု ပြောဆိုလေ့ ရှိကြပါသည်။ ကမ္ဘာတွင် အစောဆုံး မူပိုင်ခွင့်ဥပဒေအဖြစ် အသိအမှတ်ပြုထားခံရသည့်ဥပဒေမှာ UKနိုင်ငံတွင် ၁၇၀၉ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး "အန်းဘုရင်မ"၏ ဥပဒေ (Statue of Ann)ဟု ခေါ်ခဲ့ကြပါသည်။ ၁၈၁၄၊ ၁၈၄၂၊ ၁၉၁၁နှင့် ၁၉၅၆ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေများကို အစားထိုးပြဋ္ဌာန်းခဲ့ပြီး ၁၉၈၈ခုနှစ်တွင် စက်မှုဒီဇိုင်းများနှင့် တီထွင်မှုများအား အကာအကွယ်ပေးသော The Copyright, Designs နှင့် Patents Act 1988 ကို ပြဋ္ဌာန်းခဲ့ပါသည်။ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ပြီး အင်္ဂလိပ်ဥပဒေစနစ်ကို ဆက်ခံထားသော အမေရိကန်နိုင်ငံတွင် မူပိုင်ခွင့်ဥပဒေကို ၁၇၉၀ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး အင်္ဂလိပ်မူပိုင်ခွင့် ဥပဒေ၏ အခြေခံမှုများကို ရယူပြဋ္ဌာန်းခဲ့ပါသည်။ အမေရိကန်မူပိုင်ခွင့်ဥပဒေသစ်ကို ၁၈၉၁တွင် ထပ်မံပြဋ္ဌာန်းခဲ့ပြီး ယနေ့တည်ဆဲ အမေရိကန်မူပိုင်ခွင့်ဥပဒေကို ၁၉၇၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ဥရောပတိုက်တွင် မူပိုင်ခွင့်ကိစ္စမှာ ပြင်သစ်နိုင်ငံက ဦးဆောင်ခဲ့သည်ဟု ဆိုကြပြီး ၁၇၉၁နှင့် ၁၇၉၃ခုနှစ်များအတွင်း စတင်ခဲ့ပါသည်။ လက်ရှိ မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေ (The Myanmar Copyrights Act)သည် ၁၉၁၄ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ စတင်အာဏာတည်ခဲ့ပြီး မူလကအိန္ဒိယဥပဒေဖြစ်ကာ ၁၉၁၄ ခုနှစ် အိန္ဒိယအက်ဥပဒေ အမှတ် ၃ အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။

ဖော်ပြခဲ့သော (The India Copyright Act, 1914) အပါအဝင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော အိန္ဒိယအက်ဥပဒေများသည် ၁၉၄၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် The Union of Burma (Adeptation of laws) order.1948 တို့အရ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဥပဒေများအဖြစ် ယနေ့တိုင် ဆက်လက်အာဏာတည်ခဲ့ပါသည်။ သို့သော် UKနိုင်ငံနှင့် India နိုင်ငံများတွင် မြန်မာမူပိုင်ခွင့်ဥပဒေ၏ ဇာစ်မြစ်ဖြစ်သော ၁၉၁၁ခုနှစ် အင်္ဂလိပ်မူပိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းသည့်အချိန်က UKနိုင်ငံသည် (ဘန်း) Berne Convention အဖွဲ့ဝင်နိုင်ငံ ဖြစ်နေပေပြီ။ Berne Convention ၏အရှည်မှာ "Berne Convention for the protection of Literary and Artistic works" ဖြစ်ပြီး "စာပေအနုပညာ လက်ရာများကို အကာအကွယ်ပေးရေးဆိုင်ရာ ဘန်းကွန်ဗင်းရှင်း" ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ မြို့တော် Berne (Bern)မှာ စတင်ချုပ်ဆိုခဲ့သော အပြည်ပြည်ဆိုင်ရာ စာချုပ်ဖြစ်ပါသည်။ ၁၉၀၈ခုနှစ်တွင် ဘာလင်မြို့၌ ပထမဆုံး ပြင်ဆင်ခဲ့သော အထက်ပါ ၁၉၁၁ခုနှစ် အင်္ဂလိပ်ဥပဒေသည် မြန်မာနိုင်ငံနှင့် ဆက်နွှယ်နေမှုကို ဖော်ပြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ၂၀၁၃ခုနှစ် ဇူလိုင်လ ၁ရက်နေ့အထိ ပြင်ဆင်ချိန်ရရှိထားပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သော **"မူပိုင်ခွင့်ဥပဒေ"**များ ပေါ်ပေါက်ရေးအတွက် ဤဆောင်းပါးဖြင့် အမျိုးသားညီလာခံအား ဂုဏ်ပြုကြိုဆိုရပါသည်။ ။

ဓာတ်အားကွပ်ကဲရေးဌာန ရန်ကုန်နှင့်နေပြည်တော် နှစ်ခုသာရှိ

အရေးကြီးသည့်လုပ်ငန်းဖြစ်သည့်အတွက် အထူးဂရုစိုက်လုပ်ကိုင် စက်ပစ္စည်းများ၊ လိုင်းများကြံ့ခိုင်မှုအတွက် စစ်ဆေးပြုပြင်မှု အမြဲလုပ်ဆောင်

ရန်ကုန် မေ ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၂၄ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူတို့လိုက်ပါလျက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ ဓာတ်အားကွပ်ကဲရေးဌာန(Load Dispatch Centre)သို့ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးတင်မောင်ထွန်း (ဓာတ်အားစနစ်)က ဓာတ်အားကွပ်ကဲဖြန့်ဝေပေးနေမှု၊ နေပြည်တော်နှင့် ရန်ကုန်မြို့တော်သို့ ပို့လွှတ်သည့် ဓာတ်အားလိုင်းများ၊ လောပိတ သာစည် 132 KV မဟာဓာတ်အားလိုင်း၊ လောပိတ တောင်ငူ၊ လှော်ကား 230 KV မဟာဓာတ်အားလိုင်းများ၊ ပဲခူး–သထုံ–မော်လမြိုင်ဓာတ်အားလိုင်း၊ ချောက်–ရန်ကုန် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်ငွေ့သုံးစက်ရုံ အလုံ၊ ရွာမ (အင်းစိန်)တို့မှ ထုတ်လုပ်ရရှိသော ဓာတ်အားလိုင်းများ စနစ်တကျ ဖြန့်ဝေပေးနေမှု၊ လျှပ်စစ်ဓာတ်အားရရှိမှုကို Net Work စနစ်ဖြင့် ဓာတ်အားဖြန့်ဝေမှုနှင့် Siemonens Panel မှ တစ်ဆင့် Date ပို့လွှတ်ထိန်းချုပ်ဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်က ရန်ကုန်မြို့တော်ရှိ သာကေတနှင့် လှော်ကားဓာတ်ငွေ့သုံးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ရရှိမှုနှင့် ဖြန့်ဝေပေးနေမှု၊ ရန်ကုန်မြို့တော်အတွင်း 66 KV ခွဲရုံများ၏ ဓာတ်အားပို့လွှတ်မှုအခြေအနေကို (LDC)စနစ်အတွင်း တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဓာတ်အားကွပ်ကဲရေးဌာနအနေဖြင့် Computer Net Work Control စနစ်နည်းပညာအသုံးပြု ထိန်းချုပ်ဖြန့်ဖြူးပေးနိုင်ရန် နိုင်ငံတကာအဆင့်နှင့်ယှဉ်ပြီး ဓာတ်အားကွပ်ကဲ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ လက်ရှိဓာတ်အား ထိန်းချုပ်ကွပ်ကဲ ဖြန့်ဝေပေးနေမှု လုပ်ငန်းအပေါ် လွှမ်းခြုံသုံးသပ်ပြီး ပိုမိုကောင်းမွန်စေရန်၊ စီမံဆောင်ရွက်သွားကြရန်နှင့် နောင်အသစ် တိုးချဲ့ပေးလာမည့် ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းများအတွက်ပါ ကြိုတင်မျှော်တွေးစနစ်ဖြင့် တိုးချဲ့ဖြည့်စွက်ကွပ်ကဲနိုင်ရေး စီမံဆောင်ရွက်သွားကြရန်၊ ဓာတ်အားကွပ်ကဲရေးဌာနအနေဖြင့် ရန်ကုန်မြို့တော်နှင့် နေပြည်တော် နှစ်ခုသာရှိပြီး အရေးကြီးသည့် ဌာနလုပ်ငန်းဖြစ်သည့်အတွက် အထူးဂရုစိုက်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ စက်ပစ္စည်းများ၊ လိုင်းများ ကြံ့ခိုင်မှုအတွက် စစ်ဆေးပြုပြင်မှုအမြဲလုပ်ဆောင်သွားကြရန်နှင့် တာဝန်ရှိသူများကလည်း မိမိတို့ဌာန၏ လုပ်ငန်းအပေါ် အလေးအနက်ထားပြီး သတိဝီရိယ ရှိရှိဖြင့် စွမ်းအားမြှင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန်မှာကြားပြီး ဓာတ်အားကွပ်ကဲရေးဌာနအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မှာကြားဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်ကွန်ကရစ်ကျောက်တိုင်လုပ်ငန်းစက်ရုံသို့ ရောက်ရှိကြရာ(ဝဲပုံ) ရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးမင်းသော်က ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထုတ်လုပ်သည့် ကျောက်တိုင်များ ဈေးကွက် အဆင့်မီ စံချိန်စံညွှန်းအရည်အသွေးကောင်းမွန်စေရေး အလေးထားထုတ်လုပ်သွားကြရန် လိုအပ်ကြောင်း၊ မြေအနေအထား၊ လုပ်သားအင်အားနှင့် ကုန်ကြမ်းရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်လုပ်သားများက ကရိန်းဝန်ချီ စက်ဖြင့် ကျောက်တိုင်များ ယာဉ်ပေါ်တင်နေမှု၊ ရွှေပြည်သာမြို့နယ် ဝါးပါးရပ်ကွက်သို့ ပေးပို့မည့် 9 Meter ကျောက်တိုင်များ ယာဉ်ပေါ်တင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် 33/11 KV ပင်မဓာတ်အားခွဲရုံ(၂) လှိုင်သာယာသို့ သွားရောက်ပြီး မိုးရာသီကာလအတွင်း ရေတက်ရောက်မှု အန္တရာယ်ကာကွယ်နိုင်ရေးနှင့် ခွဲရုံ Control Room ရှိ စက်မှုဇုန်များသို့ ဓာတ်အားပို့လွှတ်သည့် ထိန်းချုပ်စက် Panal Box များ ရေလွှမ်းမိုးမှု အန္တရာယ်မဖြစ်စေရေးအတွက် စီမံပြုပြင်တည်ဆောက်နေမှုများနှင့် ပင်မဓာတ်အားကြိုး မြေအောက်အဝင် Under Ground အတွင်း ရေဝင်ရောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်က ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီးလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်း ဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် မန္တလေးမြို့ လမ်း ၈၀ (၃၀ x ၃၁) လမ်းကြားနေ ဦးစိန်–ဒေါ်မြရင်တို့အားရည်စူး၍ သားဦးဖုန်းလှိုင်နှင့် ဇနီးဒေါ်သီဂီလှ မိသားစုနှင့် ညီအစ်ကိုမောင်နှမ တစ်စုက အလှူငွေကျပ် လေးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကျိုက်ဝိုင်း ရွှေတောင်ကျောင်းဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းရွှေတောင်ကျောင်း ဓမ္မရိပ်သာ၌ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး ဥပနိဿယ သမထဝိပဿနာအကျင့် (၁၇) ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဇွန် ၁၄ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)၊ ဦးဝေပုလ္လ၊ ဦးဥဇ္ဇောတ (သာသနတက္ကသီလ မဟာဓမ္မာစရိယ)၊ ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာမကြီး ဒေါ်ခင်အေးတို့က ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ အထက်ပါရိပ်သာ ဖုန်း–၆၆၇၉၆၄ သို့ ဆက်သွယ်စာရင်းပေးသွင်းပြီး ဇွန်၁၄ရက် ညနေ၅နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းရှင်းလင်းပွဲ မြင်းခြံ၌ ကျင်းပ

မြင်းခြံမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ရှင်းလင်းပွဲအခမ်းအနားကို မေ၁၄ ရက် နံနက်၁၀နာရီက မြင်းခြံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုညိုသန်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးအရာရှိ ဦးညိုညိုသန်းက ပြန်လည်ရှင်းလင်းတင်ပြကြောင်း သိရသည်။ (၄၀၂)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မူလတန်းဆင့် ဆရာ၊ဆရာမများ လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်း

မိုင်းဖြတ်မြို့နယ် အခြေခံပညာမူလတန်းဆင့် ဆရာ၊ဆရာမများ လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်းပွဲကို မေ၁၈ရက် မွန်းလွဲ ၁နာရီက အခြေခံပညာအထက်တန်းကျောင်း သိပ္ပံခန်းမ၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးကံရှိန်၊ မြို့နယ်အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် မြို့နယ်ပညာရေးမှူးဦးဌေးဝင်းတို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ဆရာဦးလွန်းဟောင်းအား ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများက သင်တန်းနည်းပြများအား ဂါရဝလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၃ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးစပါးသတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး ရေစကြို၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေးတိုင်း ရေစကြို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၅ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး သိန်းလွင်နှင့် အတွင်းရေးမှူး ဦးစန်းဝင်း မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မိုးစပါးကိုမြို့နယ်၏သတ်မှတ်ချက်ဧကပြည့်မီကျော်လွန်အောင်စိုက်ပျိုးရေးအရည်အသွေးမီ မျိုးကောင်း၊ မျိုးသန့်များ သုံးစွဲပြီး မြေဆီ၊ မြေသြဇာများ အချိုးကျ ကျွေးမွေး ဆောင်ရွက်သွားကြရေး ဆွေးနွေးကြကြောင်း သိရသည်။ (၂၅၁)

အခြေခံ စာကြည့်တိုက် ပညာ ဆင့်ပွား သင်တန်းဖွင့်

ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို မေ ၇ရက် နံနက် ၉နာရီက ပုသိမ်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဆွေသန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များ စုစုပေါင်းသင်တန်းသား ၁၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးပညာပေး(နည်းပြ)သင်တန်း ပင်လောင်း၌ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေးပညာပေး နည်းပြသင်တန်းဖွင့်ပွဲကို ဧပြီ ၂၈ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းကိုဆက်လက်ပို့ချရာ မျိုးဆက်ပွားကျန်းမာရေး၊ တိုင်းရင်းဆေး၊ အာဟာရ၊ အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာကင်ဆာရောဂါ၊ အနာကြီးရောဂါနှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာနည်းပညာများကို မြို့နယ်လက်ထောက်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သိန်းထွေးနှင့် ဒေါက်တာဒေါ်ဝင်းဝင်းခိုင်တို့က သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာပို့ချခဲ့ပြီး အသင်းခွဲများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၆၀ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်စုအဆောက်အအုံပြုပြင်ရန် အလှူငွေပေး

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်စုနေရာ အဆောက်အအုံ ပြန်လည်ပြုပြင်ရန်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၅ ရက် ညနေ ၆ နာရီက ပဲခူးတိုင်း အနောက်ပိုင်း ပြည်မြို့ ဆံတော်နယ်မြေ ဆေးရေးရပ် မီးသတ်တပ်စု(၄) တည်ရာ အဆောက်အအုံ၌ ကျင်းပရာ လမင်းသာဆေး တိုက်ပိုင်ရှင် ဦးသန်းထွန်း–ဒေါ်ခင်ခင်တို့ကငွေကျပ်နှစ်သိန်း ငါးသောင်း၊ သိန်းကမ္ဘာလီမိတက်က ငွေကျပ်နှစ်သောင်းတို့ကို အလှူရှင်များက လှူဒါန်းကြရာ ဆံတော်ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်းနိုင်နှင့် မီးဘေးတားဆီးကာကွယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝမ်း၊ မီးသတ်တပ်စုမှူး ဦးခင်မောင်ကြီးတို့က လက်ခံယူကြောင်း သိရသည်။ **(၁၉၉)**

လယ်ဝေးမြို့နယ် ကျောက်တလုံးကျောင်းစုစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရေး အလှူငွေပေးအပ်

ရန်အောင်မြင်ကျေးရွာအုပ်စု၌ နွေစပါးရိတ်သိမ်းခြွေလှေ့

နေပြည်တော် မေ ၂၇

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ကျောက်တလုံးကျောင်းစုစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေး အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၈နာရီက လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက်၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ကျောက်တလုံး ကျောင်းစုကျေးရွာသည် ချောင်းမငယ် ရေလှောင်တမံ၏ရေဝပ်ဧရိယာဖြစ်ခြင်း ကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ကျေးရွာ တစ်ခုဖြစ်ကြောင်း၊ ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများဖြစ်သည့် စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဆေး ပေးခန်းအစရှိသည်တို့ကိုစံပြကျေးရွာ၏ အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ပေး ခဲ့ကြောင်း၊ ကျေးရွာဘုန်းတော်ကြီးကျောင်း ကိုလည်း ဆောက်လုပ်လှူဒါန်းရန် ရည် ရွယ်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အလှူရှင် များ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် အောင်မြင်အောင် ဆောင်ရွက်ပေးနိုင် ခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ပြောကြား သည်။

ဖွံ့ဖြိုးတိုးတက်မှု

ထို့နောက် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ များနှင့် ကျောက်တလုံး ကျောင်းစု စံပြကျေးရွာ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင်များဖြစ် ကြသော CB Bank နှင့် ACE ကုမ္ပဏီတို့က ငွေကျပ်သိန်း၃၀၊ ပျဉ်းမနား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ်သိန်း ၂၀၊ လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီနှင့် လုပ်ငန်းရှင်များက ငွေကျပ် ၂၆သိန်း၊ ရောရွှေဝါကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ (K)ကုမ္ပဏီနှင့် ရွှေသပြေ ကုမ္ပဏီတို့က ငွေကျပ် ၁၀သိန်းစီ၊ MAX မြန်မာကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ လယ်ဝေးမြို့နယ် ပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ် ၁၃သိန်းလေးသောင်းအပါအဝင်စုစုပေါင်း ငွေကျပ် ၁၆၉သိန်း လေးသောင်းကို ဘုန်းတော်ကြီးကျောင်း ဆောက်လုပ် ရေးအတွက် အသီးသီးပေးအပ် လှူဒါန်း ကြရာတိုင်မှူးနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်တိုင်းမှူးနှင့် ဇနီးတို့က ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရေး အတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက လက်ခံသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့ သည် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ သည် ရန်အောင်မြင်ကျေးရွာအုပ်စု တောင်သူဦးအောင်သန်း၏ နွေစပါး စိုက်ကွင်းအမှတ် ၁၈၂၈သို့သွားရောက် ပြီး စပါးရိတ်စက်၊ ခြွေလှေ့စက်များ ဖြင့် နွေစပါးရိတ်သိမ်း၊ ခြွေလှေ့နေမှု များကို ကြည့်ရှုစစ်ဆေးကြသည်။**(ဓါတ်ပုံ)**

ထို့နောက် တိုင်းမှူးကစက်မှုလယ် ယာဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူးဦးသိန်းဌေးနှင့် တာဝန်ရှိသူ များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြား သည်။

အဆိုပါစိုက်ကွင်းတွင် ရွှေသွယ် ရင် စပါးမျိုးကို စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် စပါး ၁၀၇ တင်းကျော် ထွက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်တန်းသား၊ သင်တန်းသူများ သုဝဏ္ဏအားကစားပြိုင်ပွဲရုံလေ့လာ

ရန်ကုန် မေ ၂၇

ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာဆရာဆရာမများ အထူး မွမ်းမံသင်တန်းအမှတ်စဉ်(၆၁)မှ အဖွဲ့ ခေါင်းဆောင် ဌာနကြီးမှူး(စီမံခန့်ခွဲရေး) ဒေါ်မြင့်မြင့်စန်း ခေါင်းဆောင်သည့် သင်တန်းသား သင်တန်းသူစုစုပေါင်း ၅၈၂ ဦးတို့သည် ယမန်နေ့နံနက် ၁၁ နာရီခွဲ က အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁) (သုဝဏ္ဏ)သို့ လေ့လာရေးခရီးစဉ် အဖြစ် သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ အားကစားနှင့် ကာယ ပညာဦးစီးဌာန အားကစားကွင်း၊ အား ကစားရုံမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာနိုင်ငံ သိုင်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျွမ်းဘား အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် တို့မှ အား ကစား မောင်မယ်လေးများက အား ကစား သရုပ်ပြသကြသည်။

(သတင်းစဉ်)

မေတ္တာမွန် သွေးလှူရှင်များအဖွဲ့ စုပေါင်းသွေးလှူဒါန်း

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ရှိုင်းဟုပ်ကုမ္ပဏီမေတ္တာမွန် သွေးလှူရှင်များအဖွဲ့ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် (၄၃)ကြိမ်မြောက် သွေးလှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၇

အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော် အရိုး ရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တို့၌ ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား လူနာများအတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ရှိုင်းဟုပ် ကုမ္ပဏီ မေတ္တာမွန်သွေးလှူရှင်များအဖွဲ့က (၄၃)ကြိမ်မြောက် ဇီဝိတဒါန စုပေါင်း သွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အဆိုပါဆေးရုံကြီးများ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ (၄၃)ကြိမ် မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပရာ အမှတ်(၁) တပ်မတော် ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးသန့်ထိန်က ကျေးဇူးတင် စကားနှင့် သွေးလှူရှင်များ သိသင့်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရှိုင်းဟုပ်ကုမ္ပဏီမှ ဒေါ်ညွှန့်ညွှန့်ဝေက သွေးလှူဒါန်းရခြင်း အကြောင်းကို ပြောကြားပြီး ငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းရာ ရောဂါဗေဒ ပါရဂူ ဗိုလ်ကြီးသန့်ထိန်က လက်ခံယူပြီး သွေးလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စုပေါင်းသွေးလှူဒါန်း

ယင်းနောက် မေတ္တာမွန်သွေးလှူရှင်အဖွဲ့မှ သွေးလှူရှင် ၇၅ ဦးတို့က စုပေါင်း၍ သွေးလှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ (၄၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ရှေးဦးစွာ ရှိုင်းဟုပ်ကုမ္ပဏီမှ ဦးအောင်သန်းက သွေးလှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး(ခုတင်-၅၀၀)တပ်မှူး ကိုယ်စား ဒုတိယဗိုလ်မှူးကြီးစောလွင်က လက်ခံ ရယူပြီး သွေးလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တပ်မှူးကိုယ်စား ဒုတိယဗိုလ်မှူးကြီးစောလွင်က ကျေးဇူးတင် စကားပြောကြားပြီး မေတ္တာမွန် သွေးလှူရှင်များအဖွဲ့မှ သွေးလှူရှင် ၅၀ တို့၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှု၍ အားပေးစကား ပြောကြားသည်။

(သတင်းစဉ်)

GSM Care Center မှ ရောင်းချလျက်ရှိသော

Mobile Phone Handsets Model အသစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း

ရန်ကုန် မေ ၂၇

GSM Care Centerမှ ရောင်း ချလျက်ရှိသော Mobile Phone Handsets Model အသစ်များနှင့် စပ်လျဉ်း၍ရောင်းချမှု ရောင်းချပြီး နောက်ပိုင်း ဝန်ဆောင်မှု အစီအစဉ် များကို Mobile Phone အသုံးပြု လျက်ရှိသော Customer များ သိရှိနိုင်ရန် စာနယ်ဇင်းများမှ ပုဂ္ဂိုလ် များနှင့် တွေ့ဆုံရှင်းလင်းပွဲ အခမ်း အနားကို မေ ၂၆ရက် ညနေ ၅ နာရီ က ရန်ကုန်မြို့ ကျောက်တံတား မြို့နယ် မဟာဗန္ဓုလ ပန်းခြံလမ်းရှိ Yangon City Star Hotel ၌ ကျင်းပရာ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာGSM Care Centerမှ General Manager ဦးတင်ဝင်း လှိုင်က မိတ်ဆက်စကားပြောကြား ပြီး**(ယာပုံ)** Marketing Manager ဦးသီဟက Mobile Phone Handsets Model အသစ်များနှင့် စပ် လျဉ်း၍ ရောင်းချမှု၊ ရောင်းချပြီး နောက်ပိုင်းဝန်ဆောင်မှုအစီအစဉ် များကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ဆောင်ရွက်ပေးမည်

GSM Care Center ကို Singapore နိုင်ငံရှိ FX Technology Group မှ Hard Ware Soft Wareနည်းပညာများကို အပြည့် အဝပံ့ပိုးပေးခြင်း၊Singapore နိုင်ငံမှ FX Technology Group ၏ အသိအမှတ်ပြု Certificate လက် မှတ်ရရှိခြင်း၊ Singapore Internet Website တွင် ရောင်းချသော ဖုန်းများ အားလုံး၏ IMEI နံပါတ်များ (စက် နံပါတ်)ကို ဝင်ရောက်ကြည့်ရှု နိုင်ရန် စီစဉ်နေခြင်း၊ Singapore နိုင်ငံရှိ FX Technology Group မှ တီထွင် ထားသော Java Gameများကို GSM Care Center မှ Hand Phone ကိုင်ဆောင်သူများအား အခမဲ့ ထည့် သွင်းပေးခြင်း၊ Hand Phone ဝယ်ယူသူတိုင်းအား FX Technology Group မှ Warranty Soft Ware System အသုံးပြု၍ တစ်နှစ် အာမခံပေးခြင်း၊ Singapore Handset အသစ်၊ အစစ်များကို ဈေးနှုန်း မှန်ကန်စွာဖြင့် ရောင်းချခြင်း၊ ပြည်ပ တွင် သွားရောက် ပညာသင်ယူထား သော ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် ဖွဲ့စည်းထားသည့် Service Team ထားရှိခြင်း၊ ဝယ်ယူသော Customer အား ရွေးချယ်မှုမှန်ကန်စေရန်၊ ဝယ်ယူ သည့် တန်ဖိုးနှင့် ညီမျှသော ပစ္စည်း၊ ဝန်ဆောင်မှုများရရှိစေရန်၊ စိတ်ကျေနပ်မှု အပြည့်အဝရရှိစေရန် ရှင်းလင်းပြောပြ ပေးမည့် Sales & Marketing Group ရှိခြင်း၊ GSM Care Centerမှ ဝယ်ယူသွားသော ဖုန်းများကို Ring Tone Wall Paper Mp 3 သီချင်း များ ထည့်သွင်းခြင်းများကို တစ်နှစ် အတွင်း အကြိမ်အကန့်အသတ်မရှိ ထည့်သွင်းခြင်းတို့ ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း သိရသည်။

သိရှိလိုသည်များနှင့် စပ်လျဉ်း၍ GSM Care Mobile Phone Handsets & Accessories (Sales & Service Center)ကို လသာမြို့နယ် လမ်းမတော်လမ်း လမ်းမတော်ပလာဇာ အမှတ်(၀၁/၁၂) ဖုန်းနံပါတ် ၀၁-၃၉၅၆၀၀ သို့ စုံစမ်းဆက်သွယ် ဝယ်ယူ နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် လက်ဖက်ပြခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မိသားစုဝင်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တပ်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုနှင့် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကာ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ချ ပျိုးထောင်ပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့်ပျိုးကိုင်းများ ပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချ ပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာဝင်းရွှေဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း အမျိုးသားလူနာဆောင်၊ သားဖွားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်များမှ လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခုတင်(၁၀၀) ဆံ့ တိုးချဲ့နှစ်ထပ် လူနာဆောင် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ် ဒေါက်တာဝင်းရွှေဝင်းက တိုးချဲ့နှစ်ထပ် လူနာဆောင် ဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ ဆေးပစ္စည်းသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ရိုက်ခန်းနှင့် သွားဆေးခန်းရှိ သွားစိုက်ခုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်သို့ ရောက်ရှိကြပြီး ရောင်းချမှုအခြေအနေနှင့် အရောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြရာ ဆိုင်တာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။ ရှေးဦးစွာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူက ဂန့်ဂေါခရိုင်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂန့်ဂေါ၊ ဆော၊ ကျောက်ထုမြို့နယ်ဥက္ကဋ္ဌများက မြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးခွန်ရုံက မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးခင်မောင်မြင့်က ဆက်သွယ်ရေး အော်တိုဖုန်းများ ရရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တိုက်တွန်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဂန့်ဂေါမြို့နယ်သည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသနှင့် ချင်းပြည်နယ်တို့ ဆက်စပ်ထားသည့် လမ်းပိုင်းများကြောင့် အချက်အချာကျပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအရှိန် ရရှိလာပြီဖြစ်ကြောင်း၊ တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သော်လည်း ယခုအခါ ဒေသအတွင်း ကူးသန်းသွားလာမှု အဆင်ပြေချောမွေ့သွားပြီ ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး စသည့်ကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဝမ်းစာဖူလုံရေးတွင် စပါးနှင့် ရာသီ သီးနှံများအပြင် ဝင်ငွေရရှိသော ရော်ဘာ၊ ထောပတ်၊ သရက်နှင့် ပိန္နဲစသည့် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူကို လျာထားသတ်မှတ်ချက်များ ပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးရေးတို့ကို ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ မိမိဒေသ ဆက်လက် ဖွံ့ဖြိုးစည်ပင်လာစေရေးအတွက် ဒေသ အာဏာပိုင်အဖွဲ့ အဆင့်ဆင့်၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဂန့်ဂေါခရိုင်တွင် စိုက်ပျိုးမြေ စုစုပေါင်း ၁၅၄၇၇၆ ဧက ဖြစ်သည်။ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးလျာထားချက်မှာ ဧက ၁၀၄၉၀ ဖြစ်ပြီး တိုးချဲ့စိုက်ပျိုးရန်လျာထားချက်မှာ ၁၈၅ ဧက ဖြစ်သည်။ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ပျိုးထောင်စိုက်ပျိုးပြီးစီးမှုမှာ စုစုပေါင်း ၃၂၁၀ ဒသမ ၂၅ ဧက ဖြစ်ပြီး အခြားသီးနှံ သရက်၊ ပိန္နဲ၊ တည်း၊ ရှောက်မျိုးနွယ်အပင် စုစုပေါင်း ၉၀၄၂ ပင် စိုက်ပျိုးထားကြောင်း သိရှိရသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါ-

လက်ဖက်ခြောက် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်ရေး ဈေးကွက်ရှာဖွေ

ဟားခါးလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် မြစ်သာ မြစ်ကူး(စိုင်ဒူး) တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဟားခါးသစ်ထုတ်လုပ်ရေး နယ်စခန်းရှုရပ်မှ စိုင်ဒူးတံတားနှင့် မြစ်သာမြစ်ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား တံတားကြီး ရေရှည်ကြံ့ခိုင်မှုအတွက် အစဉ်တစိုက် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စခန်းရှင်းလင်းဆောင်၌ ချင်းပြည်နယ် သစ်ထုတ်လုပ်ရေးဒေသ ဟားခါး သစ်ထုတ်လုပ်ရေးနယ်၏ သစ်ထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စခန်းတာဝန်ခံ ဦးအောင်ဝင်းစိုးက ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါ-ကလေး-ဟားခါးလမ်းဆုံသို့ ရောက်ရှိကြပြီး လမ်းသားချဲ့ခြင်း ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၁၂၀)နှင့် (၁၂၆)အကြား၌ စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မကွေးတိုင်း ဂန့်ဂေါမြို့နယ်အဆုံး ဟားခါးမြို့နယ်အစ နယ်စပ်မိုင်တိုင်(၁၂၆/၇)သို့ ရောက်ရှိကြပြီး လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ဂန့်ဂေါလမ်း မိုင်တိုင်(၆၆)နှင့် (၆၇) ကြား၌ စက်ယန္တရားကြီးများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးစိုးအောင်က လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

သတ်မှတ်ချိန်ပြီးစီးရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုံဖုံးရွာအနီး မိုင်တိုင်(၆၅/၀)သို့ရောက်ရှိကြရာ ဘုံဖုံးရွာသူ ရွာသားများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသ၏ စီးပွားရေးလုပ်ငန်းအခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၂)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဟားခါး-ဂန့်ဂေါလမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်က ကတ္တရာလမ်းနှင့် ကျောက်လမ်းခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ ဟားခါး-ဂန့်ဂေါလမ်းသည် ကလေးလမ်းဆုံမှ ၇၇ မိုင် ၂ ဖာလုံရှိပြီး ကတ္တရာလမ်း ၁၃ မိုင် ၃ ဖာလုံနှင့် ကျောက်လမ်း ၅၇ မိုင် ၁ ဖာလုံဖြစ်ပြီး လမ်းသားချဲ့ထွင်လျက်ရှိရာ လမ်းတာချဲ့ခြင်း ၁၈ မိုင် ၂ ဖာလုံ ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရဲမြင့်က လုပ်ငန်းများ သတ်မှတ်ချိန်မီပြီးစီးရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၂၈/၂)သို့ရောက်ရှိကြရာ ဖိုးခွားရွာသူ ရွာသားများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ တောင်စောင်းများ၌ လှေကားထစ် လယ်ယာစိုက်ပျိုးရေး မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၁၇/၅)၌ စက်ယန္တရားများဖြင့် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ အဝင် မိုင်တိုင်(၃/၃)သို့ ရောက်ရှိကြပြီး ရှုရပ်မှ ဟားခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့တွင်းသွားလမ်းတစ်လျှောက် ဟားခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျောဘုတ်ခြံသို့ရောက်ရှိကြပြီး ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုနှင့်ခြံမန်နေဂျာ ဦးယုဒသန်တို့က သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ခြံ၏ရေယာနှင့် မြေယာအသုံးချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

လက်ဖက်ပျိုးခင်းအခြေအနေ ပြကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီခွဲတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက မိမိတို့ခရိုင်နှင့် မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦးတို့က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ယခင်ခရီးစဉ် မှာကြားချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြို့မိမြို့ဖများကိုယ်စား ဦးထမ်းမန်းက ဟားခါးမြို့၏ လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ချင်းပြည်နယ် ဒေသဝမ်းစာဖူလုံရေးအတွက် မျိုးကောင်းရွေးချယ်ရေး စပါး ပြောင်းလဲစိုက်ပျိုးဆောင်ရွက်မှုအခြေအနေ၊ နှစ်ရှည်သီးနှံ လက်ဖက်တိုးချဲ့စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူ ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်သွားရေး အစီအစဉ်၊ ရွှေ့ပြောင်းတောင်ယာကို ကုန်းမြင့်လယ်ယာအဖြစ် ပြောင်းလဲတိုးချဲ့ဆောင်ရွက်မှု၊ နွားနောက်မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့အောင် ဆောင်ရွက်မှုအစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကျယ်ကျယ်ပြန့်ပြန့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ် အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများဖြင့် ပြောင်းလဲစိုက်ပျိုးသွားကြရေး၊ ခြံစည်းရိုးကြက်ဆူကို သတ်မှတ်ထားသည့် ဧက ငါးသိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် အလေးထားဆောင်ရွက်ကြရေး၊ အထူးသဖြင့် **“ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ် ဖြစ်ရမည်”**ဟူသော ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်က သတ်မှတ်ထားသည့် လက်ဖက်ဧကတစ်သိန်း ပြည့်မီအောင် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုးကြရေးနှင့် လက်ဖက်စိုက်ပျိုးမှု အရှိန်ရသည်နှင့်အမျှ လက်ဖက်ခြောက်စက်ရုံ စတင်လည်ပတ်၍ ကုန်ထုတ်လုပ်မှု စတင်လာပြီဖြစ်ကြောင်း၊ လက်ဖက်စိုက်ပျိုးမှုကို ဒေသ၏အားထားရသော စီးပွားရေးလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖော်ထုတ်သွားကြရေးကို တိုက်တွန်း ပြောကြားလိုကြောင်း မှာကြားသည်။

ဦးမြင့်သိန်းက ကုန်းမြင့်ဒေသ လယ်ယာဖော်ထုတ်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရနိုင်သမျှမြေယာများ ဖော်ထုတ်ပြီး တိုးတက် ဆောင်ရွက်သွားကြရန်နှင့် တောင်သူများ၏ မြေယာဖော်ထုတ်မှုများတွင်လည်း ဌာနဆိုင်ရာက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးကြရန် မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖော်ထုတ်ထားသည့် ကုန်းမြင့်လယ်ယာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါ-ဟားခါးလမ်းတစ်လျှောက် လမ်းတာချဲ့ခြင်းနှင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၃၈/၄)ရှိ လုံကြွေးရွာသို့ရောက်ရှိကြပြီး ရွာအနီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဖြစ်ထွန်းနေသော သီးနှံများကို ကြည့်ရှုစစ်ဆေးသည်။

အရှိန်အဟုန်မြှင့်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၄၂/၄)သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် လမ်းသားချဲ့ခြင်းလုပ်ငန်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၃၉/၀) လန်သုတ်ရွာရှိ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်နယ် အင်ဂျင်နီယာမှူး ဦးငွန်ဆန်းအောင်က ဂန့်ဂေါ-ဟားခါးလမ်း တိုးချဲ့ ဖောက်လုပ်ပြုပြင်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောဘုတ်ခြံအတွင်း လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြပြီး လက်ဖက်ခူးနေမှုကို ကြည့်ရှုစစ်ဆေးကာ လက်ဖက်ပျိုးဥယျာဉ်(၁)၊ (၂)နှင့် အခြားသီးနှံ မြေထောင်ပဲသီးထပ်စိုက်ခင်း၊ ရာသီ သီးနှံ မုန်လာထုပ်စိုက်ခင်း၊ စပျစ်စမ်းသပ်စိုက်ခင်း၊ လက်ဖက်ကိုင်းထိုးပျိုးခင်း၊ လက်ဖက်ပျိုးကိုင်းနှင့် လက်ဖက်ပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောက်ချင်းမောင်နံ့ လက်ဖက်ခြောက်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ခူးဆွတ်ပြီး လက်ဖက်ရွက်မှ လက်ဖက်ခြောက် ကုန်ချောအဆင့်အထိ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဌာနဆိုင်ရာများနှင့် တောင်သူများသည် စိုက်နိုင်သမျှ မြေကွက်လပ်များ၌ လက်ဖက်ပင်ကို များများစိုက်ပြီး ရရှိသည့် လက်ဖက်ခြောက်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ဈေးကွက် ရှာဖွေဆောင်ရွက်ကြရေး မှာကြားသည်။ အဆိုပါ လက်ဖက်ခြောက်စက်ရုံမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ချင်းပြည်နယ်တွင် လက်ဖက်များ စိုက်ပျိုးခဲ့ပြီး လက်ဖက်ခြောက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ချင်းပြည်နယ် လက်ဖက်ပြခန်းသို့ ရောက်ရှိကြပြီး ပြခန်းအတွင်း ပြသထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလိုက် လက်ဖက်စိုက်ပျိုးမှုအခြေအနေနှင့် အောင်မြင်ဖြစ်ထွန်းနေသော

လေးပွင့်ဆိုင်ခြေစမ်းပွဲ နောက်ဆုံးနေ့ယှဉ်ပြိုင် အနီရောင်အသင်းက အဝါရောင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၇

လေးပွင့်ဆိုင်ခြေစမ်းပွဲ နောက်ဆုံးနေ့သည် ရာသီဥတုသာယာသဖြင့် အောင်ဆန်းကွင်းသည် မြက်ခင်းစိမ်းစိမ်းစိုစိုများဖြင့် ရှင်သန်လျက်ရှိသည်။ မေ ၂၀ ရက်က စတင်ကျင်းပခဲ့သော လေးပွင့်ဆိုင်ခြေစမ်းပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် အနီရောင်အသင်းနှင့် အဝါရောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အနီရောင် အသင်း

ဇော်ထက်အောင် ခေါင်းဆောင်သည့် အနီရောင်အသင်းအား တွေ့ရစဉ်။

ဦးစိုးမြင့်လွင်

ဘောလုံးပွဲမစတင်မီ အဝါရောင်အသင်းမှ အသင်းအုပ်ချုပ်သူလည်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ် ညွှန်ကြားရေးမှူးလည်းဖြစ်သည့် ဦးစိုးမြင့်လွင်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ရာ ဦးစိုးမြင့်လွင်က **"တစ်ပွဲနှင့်တစ်ပွဲ နည်းစနစ်မတူအောင် ကစားနိုင်းထားတယ်၊ နည်းစနစ်ပိုင်းကို ပုံသေမထားဘူး၊ ပထမပိုင်း ပွဲချိန်မှာ တစ်မျိုးနဲ့ ဒုတိယပိုင်းပွဲချိန်မှာ တစ်မျိုး ပြောင်းလဲထားတယ်၊ အဲဒီလိုပဲ ကစားသမားတွေကိုလဲ နေရာပြောင်းကစားစေခဲ့တယ်၊ သူတို့စိတ်တိုင်းကျ ကစားခိုင်းပါတယ်၊ ဒီပွဲတွေက လူရွေးပွဲဆိုတော့ ဘရာဇီးနိုင်ငံသားနည်းပြက သူ့စိတ်ကြိုက် ရွေးချယ်သွားမှာပါ"**ဟု ဖြေကြားသွားသည်။

"တစ်ပွဲနဲ့တစ်ပွဲ နည်းစနစ်မတူအောင် ကစားခိုင်းထားတယ်" ဦးစိုးမြင့်လွင် (အဝါရောင်အသင်း အုပ်ချုပ်သူ)

ဦးဇော်ဝင်းထွန်း

ထို့အတူ အဝါရောင်အသင်း ကစားသမားများအား လိုအပ်သည်များကို ပြောကြားနေသော အဝါရောင်အသင်းနည်းပြ ဦးဇော်ဝင်းထွန်းနှင့် ဆက်လက် တွေ့ဆုံမေးမြန်းဖြစ်သည်။ ဦးဇော်ဝင်းထွန်းက **"ကျွန်တော့်မှာ စုစုပေါင်း ကစားသမား ၁၉ ဦးနဲ့ ဖွဲ့စည်းထားတယ်၊ စီးပွား/ကူးသန်း၊ လယ်/ဆည်၊ ဘဏ္ဍာ/အခွန် စတဲ့အသင်းတွေက ကစားသမားတွေပါ။ ခြေစမ်းပွဲဆိုပေမယ့် သူတို့အတွက် သိပ်အရေးကြီးတဲ့ပွဲတွေပါ၊ သူတို့တွေ ခြေစွမ်းပြကစားနိုင်မှ အရွေးခံရမှာ ဆိုတော့ ကြိုးစားကြဖို့ အထပ်ထပ် မှာထားပါတယ်၊ သူတို့တွေလဲ ကြိုးစားကြပါတယ်"**ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

"သူတို့တွေ ကြိုးစားကြပါတယ်" ဦးဇော်ဝင်းထွန်း (အဝါရောင်အသင်း နည်းပြ)

"နောက်တန်း ကစားသမားတစ်ဦးအနေနဲ့ ပြီးခဲ့တဲ့ပွဲတွေမှာ အားရအောင် ကစားနိုင်ခဲ့ပါတယ်" ကျော်ဖေယျာမင်း (အဝါရောင်အသင်း နောက်တန်း)

ကျော်ဖေယျာမင်း

ထို့နောက် အဝါရောင်အသင်းသားများ ယနေ့ပွဲနှင့်ပတ်သက်ပြီး ပြင်ဆင်မှုများပြုလုပ်နေရာ ဘောလုံးသမားတစ်ဦးကိုမေးမြန်းရာ ကျော်ဖေယျာမင်းဖြစ်နေသည်။ **"မိခင်အသင်းက ပို့ဆောင်ရေးပါ၊ လေးပွင့်ဆိုင်ခြေစမ်းပွဲမှာတော့ ဒီနေ့ပွဲနဲ့ဆိုရင် သုံးပွဲကစားခဲ့ပြီးပါပြီ၊ နောက်တန်းကစားသမားတစ်ဦးအနေနဲ့ ပြီးခဲ့တဲ့ပွဲတွေမှာ အားရအောင် ကစားနိုင်ခဲ့ပါတယ်၊ အရင်က အသက် ၁၈ နှစ်အောက် လူငယ်အသင်းမှာ ပါဝင်ကစားခဲ့ဖူးပါတယ်၊ အခုလဲ အရွေးခံရဖို့တော့ မျှော်လင့်နေတာပါပဲ"**ဟု ပြောကြားသည်။

"အစွမ်းကုန် ကြိုးစား ကစားခဲ့ရတာမို့ လက်ရွေးစင်ဖြစ်ဖို့ မျှော်လင့်ပါတယ်"

ကျော်ဇင်ဝင်း (အဝါရောင်အသင်း ရှေ့တန်းတိုက်စစ်မှူး)

အဝါရောင်အသင်းတွင် မြန်မာ့ဘောလုံးအသင်း လက်ရွေးစင်အဖြစ် ပါဝင်ခဲ့ဖူးသူများ၊ လူငယ်အသင်းတွင် ပါဝင် ကစားခဲ့ဖူးသူများနှင့် လူငယ်လူသစ်များဖြင့် စုစည်းဖွဲ့စည်းထားသော အသင်းဖြစ်သည်။

ကျော်ဇင်ဝင်း

တစ်ဖန် အဝါရောင်အသင်းမှ ရှေ့တန်း တိုက်စစ်မှူးတစ်ဦးဖြစ်သူ ကျော်ဇင်ဝင်းအား ဆက်လက်တွေ့ဆုံမေးမြန်းရာ **"ဒီလေးပွင့်ဆိုင်ခြေစမ်းပွဲတွေမှာတော့ ကျွန်တော့်အနေနဲ့ အလယ်တန်းရော၊ ရှေ့တန်းတွေမှာပါ အပြောင်းအလဲ ပြုလုပ်ကစားခဲ့ပါတယ်။ အပြာရောင်နဲ့ ကစားတဲ့ပွဲတုန်းက အလယ်တန်းမှာ ကစားပြီး အဖြူရောင်နဲ့ ပွဲတုန်းက ရှေ့တန်းမှာ ကစားခဲ့ပါတယ်၊ ဒီနေ့တော့ ရှေ့တန်းမှာ ကစားမှာပါ၊ အရင်နေ့ပွဲတွေမှာတော့ အချိန်ပိုင်းပဲ ကစားခဲ့ရတယ်၊ ကစားရတဲ့အချိန်မှာတော့ အစွမ်းကုန် ကြိုးစားကစားခဲ့ရတာမို့ လက်ရွေးစင်ဖြစ်ဖို့ မျှော်လင့်နေရတာပေါ့"** ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

သူရအောင်

ထို့နောက် လေ့ကျင့်မှုများ ပြုလုပ်နေသော အဝါရောင်အသင်းမှ နောက်တန်းကစားသမား သူရအောင်အား ဆက်လက်မေးမြန်းရာ **"မိခင်အသင်းက ဘဏ္ဍာ/အခွန်ပါ၊ လေးပွင့်ဆိုင်ခြေစမ်းပွဲမှာ တစ်ပွဲက ၄၅ မိနစ်၊ တစ်ပွဲက အချိန်ပြည့်ကစားခဲ့ပါတယ်၊ စိတ်တိုင်းကျ ကစားနိုင်ခဲ့ပါတယ်၊ အရင်တုန်းကတော့ လူ ၂၀ မှာ ပဏာမ အရွေးခံရဖူးတာကလွဲပြီး မြန်မာဘောလုံးအသင်း လက်ရွေးစင်အဖြစ်တော့ တစ်ကြိမ်မျှ အရွေးမခံရသေးပါဘူး၊ အခု မျှော်လင့်နေပါတယ်"** ဟု သူရအောင်က ပြောကြားသွားသည်။

"မြန်မာ ဘောလုံးအသင်း လက်ရွေးစင်အဖြစ် တစ်ကြိမ်မျှ အရွေးမခံရသေးပါဘူး"

သူရအောင် (အဝါရောင်အသင်း နောက်တန်း)

ယနေ့ပွဲတွင် အနီရောင်အသင်း အုပ်ချုပ်သူအဖြစ် ဘရာဇီးနိုင်ငံသား မစ္စတာ မားကိုစ့်ဖလော်ပါက ဆောင်ရွက်ပြီး နည်းပြအဖြစ် ဦးဉာဏ်ဝင်းက တာဝန်ယူခဲ့သည်။

အဝါရောင်အသင်းဘက်သို့ အနီရောင်အသင်း ရှေ့တန်းတိုက်စစ်မှူးညီသို့ ထိုးဖောက်ကစားခဲ့သည်။

တိုက်စစ်ဆင်

ပွဲစတင်ကစားသည်နှင့် အနီရောင်အသင်းက အပေးအယူ အချိတ်အဆက်မိမိဖြင့် အဝါရောင်အသင်းဘက်သို့ ထိုးဖောက်ကစားသည်။ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ရန် ကြိုးစားပြီး ဘယ်၊ ညာတောင်ပံများသို့လည်း ဘောလုံး ဖြန့်ပေးကာ ဂိုးရရှိရေး တိုက်စစ်ဆင် ကစားခဲ့သည်။

အဝါရောင် နောက်တန်းခံစစ်မှူးများက အနီရောင် တိုက်စစ်ကို ဟန့်တားနိုင်ခဲ့ပြီး ပြန်လည်ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန် မိနစ် ၂၀ တွင် အဝါရောင်အသင်းနောက်ခံလူ ဖျက်ထုတ်ရာ လည်ထွက်လာသော ဘောလုံးကို အနီရောင်အသင်းမှ ပိုင်စိုး အပိုင်ကန်သွင်းရာ အဝါရောင်ဂိုးသမား အောင်အောင်ဦး ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။

ထို့အတူ ပထမပိုင်း မိနစ် ၃၀ တွင် အဝါရောင်အသင်းမှ စိုးမင်းဦး ဘယ်ခြမ်းမှ အမြောက်ကန်သွင်းချက် ဘားတန်းနှင့်ထိပြီး ထွက်သွားသဖြင့် နစ်နာခဲ့ရသည်။ ပထမပိုင်းပွဲချိန် ၃၅ မိနစ်၌ အဝါရောင်အသင်း ဂိုးသမား အောင်အောင်ဦး အဝင်ကြမ်း၍ ပယ်နယ်တီပေးခံရရာ ယင်းပယ်နယ်တီ ကန်သွင်းချက်ကို အောင်အောင်ဦး ကာကွယ်နိုင်သော်လည်း ပြန်ထွက်လာသည့်ဘောလုံးကို အနီရောင်အသင်းမှ မျိုးမင်းဦး ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အနီရောင်အသင်း အဖွင့်ဂိုး ရရှိသွားသည်။

အပြန်အလှန်

ဒုတိယပိုင်းပွဲချိန်၌လည်း နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားနိုင်သော်လည်း အနီရောင်အသင်းက ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သည်။ အနီရောင်အသင်းသည် ဘောလုံးအပေးအယူမှန်မှန်ဖြင့် ကစားခဲ့ရာ အနီရောင်အတွက် ဒုတိယဂိုးကို မျိုးမင်းဦးကပင် အနီးကပ်သွင်းယူပေးခဲ့သည်။

အနီရောင်အသင်း ဆက်တိုက်ဖိကစားခဲ့ရာ တတိယဂိုးကို အနီရောင်အသင်းမှ စည်သူသန်းက သွင်းယူပေးခဲ့သည်။ အဝါရောင်အသင်းတိုက်စစ်မှူးများ ကန်သွင်းချက် လွဲချော်နေရာမှ ပွဲချိန် ၇၅ မိနစ်ခန့်တွင် အဝါရောင်အသင်းမှ တိုက်စစ်မှူး အောင်ကျော်မျိုးက သွင်းယူပေးခဲ့သည်။

အဝါရောင်အသင်း ချေပဂိုးများ ရရှိရေးကြိုးစားခဲ့ရာ အနီရောင်အသင်း နောက်ခံလူ ဇော်ထက်အောင် အဝင်ကြမ်းသဖြင့် ပယ်နယ်တီ အပေးခံရရာ ယင်းပယ်နယ်တီ ပြစ်ဒဏ်ဘောကို အဝါရောင် အသင်းမှ အောင်မိုး ကန်သွင်းခဲ့သဖြင့် ဒုတိယ ချေပဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်း ပြီးဆုံးခါနီးတွင် အဝါရောင်အသင်းမှ အောင်မြင့်အေး ကြမ်းတမ်းစွာကစားသဖြင့် အနီကတ်ပြ အထုတ်ခံခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ အဝါရောင်အသင်း ချေပဂိုး ထပ်မသွင်းနိုင်ခဲ့သဖြင့် အနီရောင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ကစားခဲ့သည့် အနီရောင်အသင်းတွင် **(ဂိုး)** ကျော်ဇင်ထက် အပါအဝင် ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ အေးစန်း၊ ခင်မောင်လွင်၊ ကျော်ဌေးဦး၊ အောင်မျိုးသန့်၊ ရဲဝေယံစိုး၊ မျိုးမင်းထွန်း၊ ဇေယျာဝင်းသိန်း၊ ပိုင်စိုးတို့ ပါဝင်ကစားသွားကြသည်။

ပါဝင်ကစား

အဝါရောင်အသင်းတွင် **(ဂိုး)** အောင်အောင်ဦး (ဖြိုးမင်းမောင်) အပါအဝင် ထက်အောင်၊ ကျော်ဖေယျာမင်း၊ အောင်ဝင်းနိုင်၊ ကျော်ဇင်ဝင်း၊ ကျော်သက်ဦး၊ အောင်ကျော်မျိုး၊ တိုးမြင့်လှိုင်၊ မျိုးဇော်ဦး (အောင်မိုး)၊ သူရအောင်နှင့် အောင်မြင့်အေးတို့ ပါဝင် ကစားခဲ့ကြသည်။ ။ **(မြန်မာ့အလင်း)**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါအား လည်းကောင်း၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စွမ်ရက်အား လည်းကောင်း၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးထန်ကျုံးအား လည်းကောင်း၊ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းခလိုင်လျံအား လည်းကောင်း၊ ချင်းပြည်နယ် မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များအား လည်းကောင်း ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ဆောင်ပစ္စည်းများကို ချင်းတိုင်းရင်းသား ခေါင်းဆောင် ဦးထမ်းမန်းအားလည်းကောင်း၊ ပညာရေးဌာနနှင့် အားကစားဌာနတို့မှ ကိုယ်စားလှယ်များအားလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများအား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နယ်မြေခံ တပ်ဌာနရိပ်သာ၌ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များ ထိရောက် အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် နွေစပါး၊ မိုးစပါး တိုးချဲ့စိုက်ပျိုးရေး၊ နှစ်ရှည် သီးနှံများနှင့် ခြံစည်းရိုးကြက်ဆူကို ပြည့်ဝအောင်မြင်အောင် စိုက်ပျိုးရေး၊ လက်ဖက် တိုးချဲ့စိုက်ပျိုးရေးနှင့် လက်ဖက်စက်ရုံများ တိုးချဲ့တည်ဆောက်ပေးရေး၊ ဒေသခံပြည်သူများ လက်ဖက်ခြောက်၊ လက်ဖက်စိုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာရေးအတွက် အသေးစိတ် ထပ်မံ ညှိနှိုင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ရှေးဦးစွာ ကျောက်ချောလမ်းသစ်အား ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝက်ချောင်းကျေးရွာအထိ သွားရောက်၍ လမ်းသစ်အား လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၆၁၅၀၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ သိန်းဖြင့် ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။

ကျောက်ချောလမ်း ပြီးစီးသွား၍ ကျောင်းကုန်း- ကျုံပျော် လမ်းမကြီးသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်၍ ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စုရှိ ဝက်ချောင်း- ရွှေလှေကြီး- ရွှေလှေလေး-ထမင်းဆုပ်ကုန်း ကျေးရွာများမှ အိမ်ခြေ ၄၈၄ အိမ်၊ အိမ်ထောင်စု ၄၈၉ စု၊ လူဦးရေ ၂၂၇၂ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး တို့အတွက် လွယ်ကူ လျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရေကြည်မြို့နယ် စည်ခွကျေးရွာအလယ်တန်းကျောင်းခွဲ ခန်းမ၌ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရေကြည်မြို့နယ် ချင်းကုန်း-ချောင်းဖျား-ငပိဆိပ် ကျေးလက်ကျောက်ချော လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျောက်ချောလမ်းသစ်အား ရေကြည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လွယ်ကူချောမွေ့

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လမ်းသစ်အား လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ ၈၂၀၀၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သောလမ်း ဖြစ်သည်။ ကျောက်ချောလမ်းပြီးစီးသဖြင့် ရေကြည်မြို့နယ်အတွင်းရှိ ရေအိုး၊ ချင်းကုန်း၊ ချောင်းဖျား၊ ငပိဆိပ်ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၂၄ ရွာ၊ အိမ်ထောင်စုပေါင်း ၁၀၅၂ စုမှ လူဦးရေ ၅၇၈၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေး၊ကူးသန်းရောင်းဝယ်ရေးတို့အတွက် လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျုံပျော်မြို့ မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ လမ်းသစ်အား ကျုံပျော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် လမ်းသစ်အား လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၅၄၅၀၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ လမ်းပြီးစီးသွားသဖြင့် ကျုံပျော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု ခုနစ်စုဖြစ်သည့် ရွာသစ်၊ ပျဉ်ချဆိပ်၊ သောင်ရွာ၊ ညောင်ပင်ဆိပ်၊ ပျဉ်းမပင်လှ၊ ကုန်းသာကြီး၊ ကျုံမရမ်း၊ ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၄၀၊ အိမ်ခြေ ၂၈၃၂ အိမ်၊ အိမ်ထောင်စု ၂၉၆၂ စုမှ လူဦးရေ ၁၂၅၂၇ ဦးအတွက် သွားလာရေး လွယ်ကူ ချောမွေ့စွာ ဆက်သွယ် သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဟင်္သာတမြို့သို့ ရောက်ရှိပြီး ဟင်္သာတ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးတွင် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံကာ အသင်းကြီး၏ ရည်ရွယ်ချက်များ၊ စည်းရုံးရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

၎င်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမတွင် ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၂)ကြိမ်မြောက် စင်ကာပူ ကမ္ဘာ့စာအုပ်ပွဲတော်ကျင်းပ

စင်ကာပူ မေ ၂၇

(၂၂)ကြိမ်မြောက်ကျင်းပသည့် စင်ကာပူ ကမ္ဘာ့စာအုပ်ပွဲတော်ကို စင်ကာပူနိုင်ငံတွင် မေ ၂၅ရက်၌ စတင်ဖွင့်လှစ်လိုက်သည်။ အဆိုပါ စာအုပ်ပွဲတော်၌ စာအုပ်အမျိုးအစားပေါင်း တစ်သိန်းကျော် ပါဝင်ပြသထားသည်။

စာအုပ်ပွဲတော်

(၂၂)ကြိမ်မြောက် စင်ကာပူ ကမ္ဘာ့စာအုပ်ပွဲတော်၌ တရုတ်၊မလေးရှားနှင့် စင်ကာပူကဲ့သို့သော အာရှတစ်လွှားရှိ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၅၀ခန့်တို့က ပြခန်းများ ပါဝင်ခင်းကျင်း ပြသလျက်ရှိသည်။ **(ဝဲပုံ)**

၎င်းစာအုပ်ပြပွဲကို ၁၀ ရက်ကြာ ခင်းကျင်းပြသလျက်ရှိပြီး တရုတ်နိုင်ငံ ရှန်ဟိုင်းမှ နာမည်ကျော်စာရေးဆရာများ၏ စာအုပ်များအပါအဝင် အခြားနာမည်ကြီးစာရေးဆရာများ၏ စာအုပ်များလည်း ခင်းကျင်း ပြသထားသည်။

ခင်းကျင်းပြသ

စာအုပ်ပွဲတော် ကျင်းပနေစဉ်အတွင်း တရုတ်နိုင်ငံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေအုပ်ချုပ်ရေးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေထုတွင်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးထိန်းချုပ်ရန် ဂျာမနီကြိုးစားမည်

လန်ဒန် မေ ၂၇

လေထုတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ထိန်းချုပ်ရေးတင်းကျပ်သည့် အစီအစဉ်များကို စက်မှုထိပ်သီး ရှစ်နိုင်ငံ (ဂျီ-၈)တို့ လက်ခံရေး ဂျာမနီနိုင်ငံ၏ အဆိုပြုချက်မူကြမ်းတို့ကို အမေရိကန်နိုင်ငံက ပယ်ချမည့် လက္ခဏာရှိသည်ဆိုသည်။

ပြင်ဆင်ထား

ဂျာမနီနိုင်ငံ ဟေလီဂင်ဒမ်၌ ဇွန်လ ၆ရက်မှ ၈ရက်အထိ ကျင်းပမည့် ဂျီ-၈ ထိပ်သီးအစည်းအဝေး အတွက် ကြိုတင်ပြင်ဆင်ထားသည့် အဆိုပြုချက်မူကြမ်းအပေါ် အမေရိကန်က များစွာပြင်ဆင်ထားသည်ကို ပေါက်ကြားသည့် စာရွက်စာတမ်းအထောက်အထားများအရ သိရသည်။

လိုလား

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ အကြီးအကျယ်လျှော့ချရေး အချိန်ဇယားနှင့် သတ်မှတ်ချက်များကို စက်မှုထိပ်သီးရှစ်နိုင်ငံစလုံးက လက်ခံသဘောတူရန် ဂျာမနီနိုင်ငံက လိုလားသည်။

ဝေဖန်ပြောဆို

အမေရိကန်တို့၏ အများအပြားပြင်ဆင်မှုက အမေရိကန်တို့အား သဘောထားပြောင်းလာအောင် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် စည်းရုံးသိမ်းသွင်းနိုင်ခြင်းမရှိကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု ဂရင်းပိစ်အဖွဲ့က ဝေဖန်ပြောကြားသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တော်တစ်ဝိုက် တိုက်ခိုက်မှု သုံးဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၇

ဘဂ္ဂဒက်မြို့တော်အနီး နှစ်နေရာတွင် မေ ၂၇ရက်က စိန်ပြောင်းများဖြင့် အဆက်မပြတ်ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းစုံရပ်ကွက်က ပြောကြားသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် အယ်အမီးခရိုင် လူနေရပ်ကွက်အတွင်းသို့ နေဝင်ချိန်၌ စိန်ပြောင်းများဖြင့် သုံးကြိမ် လေးကြိမ် ပစ်ခတ်သဖြင့် လူနှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားသည်။

မြို့တော်တောင်ဘက် အဘူဒီရှီးမားအရပ်ကို စိန်ပြောင်းများဖြင့် ပစ်ခတ်ပြန်ရာ အရပ်သားတစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရသွားသည်ဟု အဆိုပါ အမည်မဖော်သည့် ရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစ္စရေးနှင့် ပါလက်စတိုင်းတို့ အခြေအနေတင်းမာ ပါလက်စတိုင်းတို့က အစ္စရေးစစ်ယာဉ်အား တိုက်ခိုက်

ဂျေရုဆလင် မေ ၂၇

အစ္စရေးနိုင်ငံ အရှေ့ပိုင်းတွင် မေ ၂၆ရက်က ကင်းလှည့်နေသော အစ္စရေး စစ်မော်တော်ယာဉ်တစ်စီးကို ပါလက်စတိုင်း လက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အစ္စရေးနိုင်ငံ အရေးပေါ်လုပ်ငန်းဌာနက ပြောကြားသည်။

အဆိုပါဖြစ်ပွားမှုမှာ ဂျေရုဆလင်မြို့အရှေ့ဘက် အစ္စရေးနယ်စပ်တွင်ဖြစ်ပြီး အစ္စရေးနယ်စပ်မှ အစ္စရေးလုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်မှုများပြုလုပ်ခဲ့ရာ ပါလက်စတိုင်းလက်နက်ကိုင်များ သေဆုံးခဲ့သည်ဟု အစ္စရေး လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

အစ္စရေးနှင့် ဂါဇာနယ်စပ် တစ်လျှောက်တွင် အစ္စရေးနှင့်ပါလက်စတိုင်းတို့က လေကြောင်းမှ တိုက်ခိုက်မှုများ၊ အမြောက်ဖြင့် ပစ်ခတ်မှုများ အပြန်အလှန်ပြုလုပ်နေကြသဖြင့်နှစ်ဦးနှစ်ဖက် အခြေအနေ တင်းမာလျက်ရှိသည်။

သေဆုံး

မကြာမီရက်များ၌ အစ္စရေးတို့က လေကြောင်းမှတိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်းပြည်သူ ၄၀ခန့် သေဆုံးခဲ့ရသည်။

ဒဏ်ရာပြင်းထန်

ယခု ပါလက်စတိုင်း လက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အစ္စရေးတပ်ဖွဲ့ဝင်လေးဦး အနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် စိုးရိမ်ရသည့် အနေအထားရှိသည်။ **(အင်တာနက်)**

အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ဂါဇာမြို့ရှိ အဆောက်အအုံအချို့ ပျက်စီးသွားသည်ကို မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ကင်မရွန်းနိုင်ငံ၌ မိုးကြိုးပစ်ခံရပြီး ကလေးငါးဦး သေဆုံး

ရအွန်ဒီ မေ ၂၇

ကင်မရွန်းနိုင်ငံ အရှေ့မြောက်ပိုင်း သစ်တောတစ်ခု၌ ထင်းခွေနေသော ကလေးငယ်များအား မိုးကြိုးပစ်မှုကြောင့် ကလေးငယ်ငါးဦး သေဆုံးခဲ့ကြောင်း ကင်မရွန်းနိုင်ငံပိုင် အသံလွှင့်ဌာနက မေ၂၃ရက်၌ သတင်းထုတ်ပြန်သည်။

သစ်တောအတွင်းဝင်ရောက်

အဆိုပါ ကလေးငယ်များမှာ အသက်(၁၀)နှစ်မှ (၁၂)နှစ်အရွယ်ရှိသူများဖြစ်ပြီး ကင်မရွန်းနိုင်ငံ အဒါမာဝါပြည်နယ် မြို့တော်နာအွန်ဒီဆင်ခြေဖုံးအရပ်တွင် နေထိုင်ကြသူများဖြစ်သည်။ ၎င်းတို့သည် လောင်စာအတွက် သစ်တောအတွင်း ဝင်ရောက်ခဲ့သူများ ဖြစ်သည်။

ကင်မရွန်းနိုင်ငံတွင် ယခုမေလအတွင်း မိုးသက်မုန်တိုင်းများ ကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

နီပေါ၌ ကြွက်ကောင်ရေများ တိုးပွားလာ

ခတ္တမန္ဒူ မေ ၂၇

နီပေါနိုင်ငံ၌ ကြွက်ကောင်ရေများ ပြန်လည်တိုးပွားလာလျက်ရှိရာ စုစုပေါင်း ကြွက်ကောင်ရေ ၃၁ကောင်ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ကြွက်ကောင်ရေစာရင်းကို ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၄၀၀ ကွာဝေးသည့် ဘာဒီယာ အမျိုးသားဥယျာဉ်မှ ကြီးကြပ်စာရင်းကောက်ယူခဲ့သည်ဟု ဆိုသည်။

ထိုတိရစ္ဆာန်များစာရင်းကို လွန်ခဲ့သော သီတင်းပတ်က စတင်၍ ကောက်ယူခဲ့ကြောင်း ဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ရှန်တာရိုင် ဂါဝါလီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဆာဒါမြို့၌ ကန်စစ်ဘက်မှ လေကြောင်းဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်ကို မေ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ နစ်မြုပ်ခဲ့သော ကိုရီးယားသင်္ဘောမှ စတုတ္ထမြောက်အလောင်း ရှာဖွေတွေ့ရှိ

ရန်တိုင်(ရှန်ဒေါင်းပြည်နယ်) မေ ၂၇

လွန်ခဲ့သော ၁၀ရက်ကျော်က တရုတ်နိုင်ငံအရှေ့ပိုင်း ကမ်းခြေတွင် ကုန်သေတ္တာတင်သင်္ဘောတစ်စင်းနှင့် တိုက်မိပြီး နစ်မြုပ်သွားသော ကိုရီးယားသမ္မတနိုင်ငံသင်္ဘောမှ စတုတ္ထမြောက်သင်္ဘောသားတစ်ဦး၏ အလောင်းကို တရုတ်ရေငုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တွေ့ရှိခဲ့

အဆိုပါ သင်္ဘောသား၏ အလောင်းကို တတိယ သင်္ဘောကုန်းပတ်အခန်းမှ တွေ့ရှိခဲ့သည်ဟု ဆိုသည်။

တရုတ်ရေငုပ်သမားများက နစ်မြုပ်ခဲ့သည့် ဂိုးလ်ဒင်းရို့စ်သင်္ဘောမှ သင်္ဘောသား ၁၆ဦးအနက် အလောင်းလေးလောင်းကိုသာ ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရန် စင်ကာပူ ပြည်သူများ နိုးကြားတက်ကြွရန်တိုက်တွန်း

စင်ကာပူ မေ ၂၇

စင်ကာပူနိုင်ငံတွင် ယခုနှစ်၌ သေဆုံးမှုအများဆုံးဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရေးကို ပြည်သူများ နိုးနိုးကြားကြား ဆောင်ရွက်ကြရန် စင်ကာပူနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာဌာန(အင်န်အီးအေ)က မေ ၂၄ ရက်၌ တိုက်တွန်းလိုက်သည်။

သတင်းထုတ်ပြန်

သွေးလွန်တုပ်ကွေးရောဂါကြောင့် စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့်လက အမျိုးသားတစ်ဦး သေဆုံးခဲ့ရသည်ဟု အင်န်အီးအေက သတင်းထုတ်ပြန်သည်။

မြင့်မားခဲ့

စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၁၀ရှိခဲ့ရာ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်းမှာ ၁၆၉၇ဦးရှိသွားပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၆၀ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း အင်န်အီးအေက ပြောကြားသည်။

နှိမ်နင်းရှင်းလင်း

အင်န်အီးအေသည် စင်ကာပူနိုင်ငံရှိ အစိုးရအဖွဲ့အစည်း ၂၅ခုခန့်နှင့် ပူးတွဲကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ နေအိမ်အပြင်ဘက်များနှင့် အခြားခြင်ပေါက်ဖွားနိုင်ရာနေရာများတွင် နှိမ်နင်းရှင်းလင်းမှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကနေဒါနိုင်ငံ အော့တဝါမြို့ရှိ မော်တော်ကား ထုတ်လုပ်သည့် လုပ်ငန်းခွင် တစ်နေရာကို မေ ၂၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကလပ်စတာဗုံးများ အသုံးပြုမှု ပိတ်ပင်ရန် ကမ္ဘာ့နိုင်ငံများ ထောက်ခံ

လီမာ မေ ၂၇

ကလပ်စတာဗုံးများ အသုံးပြုမှု ပိတ်ပင်သွားရန် နိုင်ငံပေါင်း ၇၀နီးပါးက မေ ၂၅ရက်တွင် ထောက်ခံကတိပြုလိုက်သော်လည်း ကမ္ဘာတွင်လက်နက်ခဲယမ်းမီးကျောက် အများဆုံးထုတ်လုပ်နေသည့် အမေရိကန်၊ ရုရှားနှင့် တရုတ်တို့ မပါဝင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

နိုင်ငံပေါင်း ၆၈နိုင်ငံမှ ကိုယ်စားလှယ်များသည် ပီရူးနိုင်ငံ လီမာမြို့၌ တွေ့ဆုံခဲ့ကြပြီး နော်ဝေနိုင်ငံ၌ ဖေဖော်ဝါရီလက ၂၀၀၇ခုနှစ်ကုန်တွင် ကလပ်စတာဗုံးများအသုံးပြုမှု ပိတ်ပင်ရေးဆော်ဩ တိုက်တွန်းခဲ့ခြင်းကို သဘောတူကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် အကျယ်တဝင့် ထောက်ခံခဲ့ကြသည်ဟု ဆိုသည်။

လာအိုနိုင်ငံ၌ အခြားသောနိုင်ငံများထက် မပေါက်ကွဲသေးသော ဗုံးများ ပို၍ရှိကြောင်း၊ အမေရိကန်တို့ ဗီယက်နမ်စစ်ပွဲတွင် လေကြောင်းမှ ဗုံးကြဲခဲ့သည့် ကလပ်စတာဗုံးများမှာ အနှစ် ၃၀ကြာပြီးနောက် သန်းပေါင်းများစွာသော ကလပ်စတာဗုံးများက ပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

ကလပ်စတာဗုံး ပေါက်ကွဲစဉ် သေးငယ်သော ဗုံးငယ်များသည် ပွင့်ထွက်လာပြီး အသက်ပေါင်းများစွာကို အန္တရာယ်ပြုလာနိုင်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

မည်သည့်ရန်သူကိုမဆို တန်ပြန်တိုက်ခိုက်နိုင်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ပြောကြား

တီဟီရန် မေ ၂၇

မည်သည့် ခြိမ်းခြောက်မှုများကိုမဆို အီရန်နိုင်ငံက တုံ့ပြန်နိုင်ပြီး ရန်သူများကိုတန်ပြန်တိုက်ခိုက်နိုင်သော အင်အားရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက မေ ၂၃ရက်၌ ပြောကြားလိုက်သည်။

အီရန်ကမ်းလွန်တွင် အမေရိကန်ရေတပ်က စစ်ရေးပြမှုတစ်ရပ်ပြုလုပ်ချိန်နှင့်ကိုက်၍ အီရန်ကာကွယ်ရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဖော်ပြ

အနိုင်ကျင့် ဖိနှိပ်လိုသူများနှင့် ရန်လိုသူများအတွက် အင်အားပြင်းထန်သော အဖြေတစ်ရပ်ကို ပေးမည်ဖြစ်ကြောင်း၊ မည်သို့သော ခြိမ်းခြောက်မှုမျိုးကိုမဆို အီရန်နိုင်ငံက ခုခံတွန်းလှန်သွားမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး မိုစတာဖာမိုဟာမက်နာဂျာက ပြောကြားသည်ဟု အိုင်အာအင်န်အေ သတင်းဌာနက ဖော်ပြသည်။

စွပ်စွဲ

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များ လုပ်ဆောင်နေမှုအပေါ် ဝါရှင်တန်နှင့် တီဟီရန်အကြား တင်းမာမှု အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန်တို့က အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် နျူကလီးယားဗုံး ထုတ်လုပ်သည်ဟု သံသယဖြင့် စွပ်စွဲလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မီးများဖြင့် စွမ်းရည်ပြသသူ

ခန္ဓာကိုယ်တွင် မီးလောင်ကျွမ်းမှု ခံနိုင်ရည်ရှိကြောင်း စွမ်းရည် ပြသနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ကိုယ်ခံစွမ်းရည်ပြပွဲတစ်ရပ် မကြာမီက ကျင်းပခဲ့ရာ ပါဝင်ဆင်နွှဲသူတစ်ဦးက ၎င်း၏ ခန္ဓာကိုယ် အစိတ်အပိုင်းအချို့ကို မီးရှို့ကာ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အပေါ့ဆုံး စက်ဘီးလေး

အပေါ့ဆုံး စက်ဘီးလေး တစ်စီးကို ပြသစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ တွင် လူစီး၍ရသော လျှပ်စစ်စွမ်းအင်သုံး စက်ဘီး အမျိုးအစားတစ်မျိုးကို ယခုရက်အတွင်း ထုတ်လုပ်လိုက်သည်။ ၎င်းစက်ဘီးလေးသည် အလေးချိန် ခုနစ် ကီလိုဂရမ်သာလေးပြီး တစ်နာရီ ကီလိုမီတာ ၂၀ခန့် စီးနင်းနိုင်ကြောင်း သိရသည်။

(အင်တာနက်)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘရာဇီးအစိုးရက ဘဏ္ဍာငွေ ဒေါ်လာချောက်ဘီလီယံကျော် ခွင့်ပြုမည်

ရီယိုဒီဂျနေးရိုး မေ ၂၇

ဘရာဇီးနိုင်ငံတွင် ၂၀၀၇-၂၀၀၈ခုနှစ် သီးနှံစိုက်ပျိုးရိတ်သိမ်းချိန်ကာလအတွက် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရက အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ဘီလီယံခန့်ကို ဘဏ္ဍာငွေ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတလူးရစ်အင်နာ စီရီလူလာဒါဆီးလ်ဗာက မေ ၂၃ရက်၌ ပြောကြားလိုက်သည်။

၂၀၀၇ခုနှစ်တွင် ဘရာဇီးနိုင်ငံရှိ မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူသူ တစ်သိန်းခန့်အား အစိုးရက ထောက်ပံ့ပေးမှုကို ဘရာဇီးသမ္မတက ဖော်ပြလိုက်ခြင်းလည်း ဖြစ်သည်။

ဘရာဇီးအစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာဖြည့်ဆည်းပေးမှုနှင့် စားနပ်ရိက္ခာပိုမိုထုတ်လုပ်ရေးတို့တွင် ကျွမ်းကျင်မှုရှိပြီး တိုးတက်မှုများ ရရှိစေရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၁သန်းကို သုံးစွဲသွားမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိအနေအထားတွင် မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူသူများသည် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် အရည်အသွေးမြင့်မားသော ထုတ်ကုန်များထွက်ရှိအောင် ထိန်းသိမ်းဆောင်ရွက်ကြရန် ဘရာဇီးနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံ တောင်ပိုင်း၌ ဗုံးပေါက်ကွဲ ခုနစ်ဦး သေဆုံး

ယာလာ မေ ၂၇

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် မေ ၂၅ရက်က အရပ်သားခုနစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားခဲ့

အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ မလေးရှားနိုင်ငံနှင့်နယ်နိမိတ်ဆက်စပ်နေသော ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ထို့အတူ ထိုင်းနိုင်ငံတောင်ပိုင်းပက်တာနီပြည်နယ်အနီးတွင်လည်းလက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ရသည်။ ၎င်းဖြစ်ရပ်မှာ မေ ၂၅ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံး

တစ်ဖန် ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် မကြာမီရက်များက လက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးခဲ့ရသည်။

(အင်တာနက်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၂၆)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားတက်ရောက်

ရန်ကုန် မေ ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ၄နာရီက ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အနော်ရထာလမ်းမကြီးနှင့် ရိုးကြီးရွာအဝင်လမ်းထောင့်ရှိ အဆိုပါဆိုင်ရှေ့၌ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်စစ်ဆေးကြည့်ရှုပြီး သဘာဝဓာတ်ငွေ့ဖြည့်တင်းလျက်ရှိသော မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ပိုမိုလျင်မြန်

ရန်ကုန်မြို့အတွင်း ယခုကဲ့သို့ စက်စွမ်းရည် ပိုမိုမြင့်မားပြီး ခေတ်မီ လုံခြုံစိတ်ချရသော သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များဖွင့်လှစ်ရောင်းချလျက်ရှိရာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအနေဖြင့် ဓာတ်ငွေ့ဖြည့်တင်းရာတွင် ပိုမိုလျင်မြန် အဆင်ပြေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ယခင်နှစ်ကစိုက်ပျိုးထားသည့် နေရာများတွင် ဖြစ်ထွန်းမှုအားနည်းသည့်အတွက် ယခုနှစ်တွင် ပိုမိုကြိုးပမ်းအစားထိုးစိုက်ပျိုးရန်လိုကြောင်း၊ မိမိတို့တာဝန်ရှိသူများဘက်မှလည်း လိုအပ်သည့် ဖြည့်ဆည်းမှုများ ပံ့ပိုးပေးမှာဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားသည်။

ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ခြံစည်းရိုးကြက်ဆူပျိုးပင်အား ဌာနဆိုင်ရာများ ကိုယ်စား မြို့နယ်ဥပဒေအရာရှိ ဦးအောင်မြင့်ထံ ပေးအပ်သည်။ ဆက်လက်၍ တပ်ကုန်းတပ်နယ်မှူး ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပျိုးပင်များအား သက်ဆိုင်ရာကိုယ်စားလှယ်များထံသို့ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များအား စိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူစိုက်ခင်းနှင့် ကြက်ဆူကိုင်းကူးပျိုးထောင်မှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ တပ်ကုန်းမြို့နယ်သည် ယခုနှစ်တွင် ကြက်ဆူ ၁၁၀၄၉ဧက စိုက်ပျိုးရန်လျာထားပြီး ဧက ၉၇၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

နွေစပါးစိုက်ကွင်း

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် တောင်သူဦးကျော်သန်း၏ နွေစပါး စိုက်ကွင်းအမှတ်(၁၃၁၈)သို့ ရောက်ရှိကြပြီး စပါးရိတ်စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်စွက်မှာကြား

တိုင်းမှူးနှင့်အဖွဲ့အား စက်မှုလယ်ယာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စုပေါင်းစပါးရိတ်သိမ်းယှဉ်ပြိုင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စပါးတင်း ၁၂၀ကျော်ထွက်ရှိ

အဆိုပါစိုက်ကွင်းတွင် မနောသုခ စပါးမျိုးကို စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင်စပါးတင်း၁၂၀ကျော်ထွက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သစ်လုပ်ငန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနား သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်

ရန်ကုန် မေ ၂၇

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၂၆ရက် ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသော သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ပွဲနှင့် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဝန်ကြီးက ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း စွမ်းစွမ်းတမံ ကြိုးစားခဲ့ကြသည့် သစ်ထုတ်ရေးဒေသသုံးခုနှင့် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသုံးခုတို့အား ဆုများချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် ဆုရရှိသူများကိုယ်စား သစ်ထုတ်ရေးဌာန အထွေထွေမန်နေဂျာ ဦးဝင်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

စည်းကမ်းမဲ့ ကွန်တိန်နာယာဉ်များ စိစစ်ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

ကျောက်တံတားမြို့နယ် အမှတ် ၉ ရပ်ကွက် (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား) လမ်း၄၀ အတွင်းရှိ ဂိုဒေါင်တစ်ခုသို့ ကွန်တိန်နာယာဉ်ကြီးများ နေ့စဉ် ဝင်ထွက်သွားလာမှုကြောင့် လမ်းများ ပျက်စီးခြင်း၊ လမ်းပိတ်ဆို့မှုများ၊ တယ်လီဖုန်းကြိုးလိုင်းများနှင့် မီးကြိုးပြတ်တောက်မှုများ ဖြစ်ပေါ်သည့်အပြင် မြေအောက်ရှိ ရေပိုက်များပါ မကြာခဏ ကျိုးပဲ့ပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ သို့ပါ၍ အဆိုပါ ကွန်တိန်နာ ယာဉ်များအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။

လမ်းသားများ

ဝက်မွေးမြူရေးခြံ အနံ့ဆိုး အနှောင့်အယှက်ဖြစ်ရ

စာတည်းရှင့်–

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် မော်ကန်(၅)လမ်း အလယ်အိမ်၏ အနောက်ဘက်တွင် ဝက်မွေးမြူရေးခြံမှ အနံ့ဆိုးများနှင့် ဆူညံသံများကြောင့် ရပ်ကွက်နေ ပြည်သူများစိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ရေစီးရေလာ ကောင်းမွန်စေချင်

စာတည်းရှင့်–

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် (၆)လမ်း ရန်မျိုးအောင်ဘုရားဘက်ထိပ်ရှိ အမဲသွေးလုပ်ငန်းမှ စည်ပင်သာယာပိုင် နောက်ဖေး ၁၀ပေ လမ်းကြားနှင့် ရပ်ကွက်ပတ်မြောင်းပေါ်တွင် ကျူးကျော်၍ လုပ်ငန်းသုံး လောင်စာထင်းမီးများ သိုလှောင်ထားပြီး လုပ်ငန်းလုပ်ကိုင်ရာမှ စွန့်ပစ် အညစ်အကြေးရေများကို စည်းကမ်းမဲ့ စွန့်ပစ်နေပါသည်။

မိုးတွင်းအခါ ရေစီးပိတ်ဆို့ခြင်းကြောင့်၊ နောက်ဖေးလမ်းကြားရှိ အမှိုက်သရိုက် အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်မှ အနံ့ဆိုးများ ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

စံပြရပ်ကွက်သူ

လက်ဖက်ရည်ဆိုင်မှ ဆောင်းဘောက်သံ နားမခံနိုင်

စာတည်းရှင့်–

ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၅၇ လမ်းရှိ စားဖွယ်စုံနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ တီဗွီအောက်စက်နှင့်တွဲ၍ ဗီဒီယိုသီချင်းခွေနှင့် ဇာတ်လမ်းများကို ဆောင်းဘောက်များဖြင့် ကျယ်လောင်စွာဖွင့်နေသောကြောင့် ပတ်ဝန်းကျင်နေသူများ အနှောင့်အယှက်ဖြစ်ရပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူများ

ကားဘော်ဒီထုသံ နားမခံနိုင်

စာတည်းရှင့်–

ကြည့်မြင်တိုင်မြို့နယ် သာစုအရှေ့ရပ်ကွက် နတ်စင်လမ်းမကြီးတွင် ကားဘော်ဒီလုပ်ငန်း၊ သံပန်း၊ သံတံခါး၊ ဂဟေဆက်လုပ်ငန်းများမှ အညှော်နံ့များ၊ ထုရိုက်သံများကြောင့် ရပ်ကွက်နေ ပြည်သူများ နေ့စဉ်နှင့်အမျှ စိတ်အနှောင့်အယှက် ဖြစ်နေရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

နှမ်းလျော်ညှော်နံ့ဆောင်ရွက်ပြီးစီး

(၉–၄–၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မကွေးမြို့ အောင်စေတနာရပ်ကွက် စီအုပ်စု(၁)လမ်းနှင့်(၂)လမ်းကြား နှမ်းလျော်ညှော်နံ့ မခံနိုင်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မီးသတ်ရေကန် ပြုပြင်ဆောင်ရွက်ပြီးစီး

(၇–၅–၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒိုက်ဦးမြို့တွင် မီးသတ်ရေကန် ငါးကန်ပျက်စီးမှု** ပေးစာနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **(အောက်ပုံ)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘာတစ်လွှား အားကစား

ပီဇာရို ချယ်လ်ဆီးသို့ ရောက်ရှိလာဖွယ်ရှိ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၂၇

လာမည့်ဘောလုံးရာသီ၌ ဘောလုံးသမားများ ထပ်မံဝယ်ယူရန် ကြိုးစားနေသည့် ချယ်လ်ဆီးအသင်းသည် ဒဏ်ရာရ တိုက်စစ်မှူးများ ဖြစ်ပေါ်နေချိန်တွင် အစားထိုးကစားနိုင်ရေးအတွက် ကြိုးစားခြင်းတစ်ရပ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်မှူး ပီဇာရိုအား ခေါ်ယူရန် စီစဉ်နေပြီဖြစ်သည်။

တန်ဖိုးကြီး တိုက်စစ်မှူးများသည် ချယ်လ်ဆီးကို ထိရောက်သော အကျိုးပြုမှုများ မပြုလုပ်နိုင်ခဲ့သဖြင့် ယခုနှစ် ဘောလုံးရာသီ၌ ငွေကုန်များမည့် ဘောလုံးသမားများ ဝယ်ယူမှုကို ချယ်လ်ဆီးပိုင်ရှင် အေဘရာမိုဗစ် ချ် လက်ရှောင်တော့မည်ဖြစ်သည်။

ပြောကြား

လက်ရှိ ဘောလုံးသမားများကို အတတ်နိုင်ဆုံး လစာငွေကြေးများဖြင့် ဆွဲဆောင်ထားနိုင်ရန် ကြိုးစားနေပြီး အရန်သဘောအဖြစ် အနည်းဆုံး ဘောလုံးသမား လေးဦးအထိ ဝယ်ယူဖြည့်တင်းမည်ဟု ချယ်လ်ဆီးအမှုဆောင် အရာရှိချုပ် ပီတာကင်ယွန်းက ပြောကြားသည်။

စီစဉ်

ထို့ကြောင့် လိုအပ်နေသော တိုက်စစ်မှူးအတွက်ဘိုင်ယန်မြူးနစ် အသင်းမှ တိုက်စစ်မှူး ပီဇာရိုကို ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးကလပ်နှင့် ဘိုင်ယန်မြူးနစ်တို့ ညှိနှိုင်းမှုအဆင်ပြေပါက ပီဇာရိုသည် လာမည့်ဘောလုံးရာသီ၌ချယ်လ်ဆီးတိုက်စစ်တွင် မြင်တွေ့ရဖွယ်ရှိနေသည်။

ခြောက်ပေမြင့်

ချယ်လ်ဆီးတို့ ခေါ်ယူရန် စီစဉ်နေသည့် ပီဇာရိုမှာ ပီရူးနိုင်ငံသားဖြစ်ပြီး အသက် (၂၈)နှစ်အရွယ်ရှိသူ ဖြစ်သည်။ အရပ်ခြောက်ပေမြင့်ကာ ကိုယ်အလေးချိန် ၁၇၄ပေါင်ရှိသည်။

အားကောင်းသူ

ပီဇာရို၏ အမည် အပြည့်အစုံမှာ ခလူဒီရိုပီဇာရို ဖြစ်ပြီး ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ ဘိုင်ယန်မြူးနစ်သို့ စတင်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ပီဇာရိုသည် တိုက်စစ်ဆင်ထိုးဖောက်မှု အားကောင်းသူ တစ်ဦးဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းသို့ စတင်ရောက်ရှိသည့်နှစ်မှာပင် ၁၈ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ထို့အတူ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင်လည်း ဘိုင်ယန်မြူးနစ်အတွက် စုစုပေါင်း ၃၃ပွဲကစားပေးခဲ့ပြီး ၁၇ဂိုး သွင်းယူနိုင်ခဲ့သည်။ ထိုနှစ်က ဘွန်ဒက်စ်လီဂါတွင် ဘိုင်ယန်မြူးနစ်တို့ ချန်ပီယံဖလား ရရှိခဲ့လေသည်။

တိုက်စစ်မှူး

ပီဇာရိုသည် ပီရူးနိုင်ငံ လက်ရွေးစင်တိုက်စစ်မှူး ဖြစ်သဖြင့် ပီရူးအသင်းနှင့် နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲများ ကစားပေးခဲ့ရာတွင်လည်း ဂိုးများ ပွဲတိုင်းနီးပါး သွင်းပေးနိုင်ခဲ့သူ ဖြစ်သည်။

ကျေနပ်ခဲ့ရ

၂၀၀၃-၂၀၀၄ခုနှစ်တွင် ဘေယန်မြူးနစ်အတွက် ၁၂ဂိုးသာ သွင်းယူပေးနိုင်ခဲ့ရာ ထိုနှစ်က ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်စ်လီဂါ ချန်ပီယံဖလားကို လက်လွတ်ဆုံးရှုံးခဲ့ရာ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

သွင်းယူနိုင်ခဲ့

၂၀၀၄-၂၀၀၅ခုနှစ်တွင် ပီဇာရို အနေဖြင့် ဘွန်ဒက်စ်လီဂါတွင် ၂၁ပွဲ ကစားပေးပြီး ၁၁ဂိုးသွင်းယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်ပွဲစဉ်များ၌လည်း ဘေယန်မြူးနစ်အတွက် ခုနစ်ပွဲကစားပေးခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုနှစ်က ဘိုင်ယန်မြူးနစ်တို့ဘွန်ဒက်စ်လီဂါဖလားကို ပြန်လည်ရယူနိုင်ခဲ့သည်။

ချယ်လ်ဆီးသို့ ရောက်ရှိလာဖွယ်ရှိသည့် ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး ပီဇာရို။
(ဓာတ်ပုံ-အင်တာနက်)

ဆက်တိုက်ရယူ

၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ပီဇာရိုအနေဖြင့် ထိခိုက်ဒဏ်ရာ ရရှိမှုများဖြစ်ခဲ့ရာ ဘွန်ဒက်စ်လီဂါ ပွဲစဉ်တိုင်း ပါဝင်မကစားနိုင်ခဲ့သဖြင့် ထိုနှစ်ဘောလုံးရာသီ၌ စုစုပေါင်း၁၂ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ သို့သော် ဘွန်ဒက်စ်လီဂါဖလားကိုမူ ဘိုင်ယန်မြူးနစ်တို့ ဆက်တိုက် ရယူနိုင်ခဲ့သည်။

လက်လွှတ်ခဲ့ရ

ယခု၂၀၀၆-၂၀၀၇ဘောလုံး ရာသီတွင်လည်း ပီဇာရိုသည် ဘွန်ဒက်စ်လီဂါ၌ ဘိုင်ယန်မြူးနစ် အတွက် ၂၃ပွဲကစားပေးခဲ့ပြီး ရှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သလို ချန်ပီယံလိဂ် ပွဲစဉ်ခြောက်ပွဲ ကစားခဲ့ရာ လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ယခုနှစ် ဘောလုံးရာသီ၌ ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒက်စ်လီဂါဖလားကို လက်လွှတ်ခဲ့ရပြီး စတုတ္ထအဆင့်နှင့် ကျေနပ်ခဲ့ရသည်။

ဆွေးနွေးမှုပြုလုပ်

ယခုအခါပရီမီယာလိဂ် ချယ်လ်ဆီးအသင်းက ပီဇာရိုအား ခေါ်ယူရန်စီစဉ်နေပြီဖြစ်ရာ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေပြီ ဖြစ်သည်။

ရောက်လာဖွယ်ရှိ

ပီဇာရိုကလည်း ချယ်လ်ဆီးကလပ်သို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်လျက် ရှိရာငွေကြေးကိစ္စများ ညှိနှိုင်းပြီးပါက ချယ်လ်ဆီးသို့ ရောက်ရှိလာဖွယ်ရှိနေသည်။

ပေးစွမ်းနိုင်

ထို့ကြောင့် ချယ်လ်ဆီးတိုက်စစ်သို့ ပီဇာရိုရောက်ရှိလာခဲ့ပါက မည်သို့ စွမ်းဆောင်မှုများ ပေးစွမ်းနိုင်မည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

✳ **ဘာရာဇီးအသင်းနှင့် ချစ်ကြည်ရေးကစားမည့်ပွဲ၊ အက်စ်တိုးနီးယားအသင်းနှင့်ယူရို ၂၀၀၈ ချစ်ကြည်ရေးကစားမည့်ပွဲများတွင် မိုက်ကယ်အိုဝင် ပါဝင်ကစားမည်ဖြစ်ကြောင်းသိရသည်။**

✳ အင်္ဂလန်အသင်းတွင် ဘက်ခမ်းပြန်ကစားမည်ဖြစ်သော်လည်း ဂျွန်တယ်ရီသည် အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ယူမည်ဖြစ်ကြောင်း နည်းပြမက္ကလာရင်က ပြောကြားသည်။

✳ **လိုင်ယွန်နည်းပြ ဟူလီယာအသင်းမှ ထွက်ခွာသွားပြီးနောက် ဆိုးချော့ အသင်းနည်းပြ ပါရင်အား လိုင်ယွန်အသင်းက ခေါ်ယူရန် ဆက်သွယ်ခဲ့သည်ဟုဆိုသည်။**

✳ ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရှိုင်းအား နယ်သာလန်အသင်းက ပြန်ခေါ်ကစားတော့မည်ဖြစ်ကြောင်း အသင်းနည်းပြ မာကိုဗင်ဘက်စတင်က ပြောကြားလိုက်သည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်တို့ အမှတ်ပေးဇယားကို ဦးဆောင်ဆဲ ပရီမီယာလီဂါ ချန်ပီယံဖြစ်ရန် နီးစပ်လာနေ

ရေးသားသူ
မြင့်မောင်စိုး

မက်ဒရစ် မေ ၂၇

ပရီမီယာလီဂါ အမှတ်ပေးဘောလုံးပြိုင်ပွဲ ထိပ်ဆုံးမှ ဦးဆောင်နေသော ရီးရဲမက်ဒရစ်အသင်းသည် မေ ၂၆ရက်ညပိုင်းက ဘာနေဗျူး၌ ဒီပို့တီဗိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။

ထိန်းထား

ထိုနေ့က ဘာစီလိုနာအသင်းသည် ဂီတာဖေးလ်အသင်းကို ရော်နယ်ဒင်ဟို၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရပြီး ဒုတိယနေရာကို ဆက်လက်ထိန်းထားသည်။

နီးစပ်

ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းသည် ယှဉ်ပြိုင်ပွဲများအပြီး ၇၂ မှတ်စီဖြင့် အမှတ်တူရရှိထားသည်။ ယခုနှစ် ပရီမီယာလီဂါပွဲပြီးရန်နီးချိန်တွင် ရီးရဲမက်ဒရစ်တို့ ခြေမှန်ရလာပြီး လေးနှစ်အတွင်းချန်ပီယံပြန်ဖြစ်ရန် အလွန်နီးစပ်နေပြီ ဖြစ်သည်။ ယင်းနေ့တွင် ဗလင်စီယာတို့ အကြိတ်အနယ် ကစားသော်လည်း အိမ်ကွင်း၌ ဗီလာရီးရဲအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်နေရာနှင့် ဝေးကွာသွားခဲ့ရသည်။ **(အင်တာနက်)**

ဗလင်စီယာ အသင်းမှ ကားလို့စ်မာချင်နာ (ယာ)၏ ခေါင်းခုန်တိုက်ကစားမှုကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ဆောက်သမ်ပတန်နောက်တန်းလူငယ် တော့တင်ဟမ်ကခေါ်ယူ

လန်ဒန် မေ ၂၇

ဆောက်သမ်ပတန်အသင်းမှ လူငယ်နောက်တန်းကစားသမား ဂါးရက်ဘေးလ်အား တော့တင်ဟမ် အသင်းက ခေါ်ယူရန် စာချုပ်လိုက်ပြီဖြစ်သည်။

အဆိုပါ လူငယ်ကစားသမားသည် အသက်(၁၇) နှစ်သာရှိသေးသည်။ ဆောက်သမ်ပတန်အသင်းတွင် ခြေစွမ်းပြကစားနေသော ၎င်းလူငယ်ကစားသမားသည် တော့တင်ဟမ်အသင်းသို့ မရောက်မီ မန်ယူနှင့်အာဆင်နယ် အသင်းတို့ကလည်းခေါ်ယူရန်ဆက်သွယ်ခဲ့သည်ဟုဆိုသည်။

တော့တင်ဟမ်အသင်းသည် ၎င်းလူငယ်ကစားသမားအား ခေါ်ယူလိုက်ခြင်းဖြင့် အကျိုးများစွာရှိနိုင်ကြောင်း၊ မကြာမီ အခြားအသင်းတစ်သင်းသို့ပြောင်းလျှင် ပြောင်းရွှေ့ကြေး ပေါင်၁၀သန်းအထိရရှိလာနိုင်ကြောင်း ဆောက်သမ်ပတန်အသင်းက ပြောကြားသည်။ **(အင်တာနက်)**

တော့တင်ဟမ်ကခေါ်ယူခဲ့သည့် ဆောက်သမ်ပတန် လူငယ်နောက်တန်းကစားသမား ဂါးရက်ဘေးလ်။
(ဓာတ်ပုံ-အင်တာနက်)

ပိုလန်လူငယ် ဂိုးသမား ဟာဘီယန်စတီ အာဆင်နယ်က ခေါ်ယူပြီ

လန်ဒန် မေ ၂၇

ပိုလန်ဂိုးသမား လူးကက်ဇ်ဖာဘီယန်စတီအား လီဂါ ဝါဆောအသင်းမှ အာဆင်နယ်အသင်းသို့ ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက် (၂၂)နှစ်ရှိ အဆိုပါ ပိုလန်ဂိုးသမားအား အာဆင်နယ်အသင်းက ကာလရှည်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၎င်း၏ ပြောင်းရွှေ့ကြေးကို အာဆင်နယ်အသင်းက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ထိုဂိုးသမားသည် ယင်းနိုင်ငံ လက်ရွေးစင်အသင်းတွင် လေးပွဲသာ ပါဝင်ကစားရသော်လည်း လွန်ခဲ့သောနှစ်ရာသီက ပိုလန်လိဂ်၌ အကောင်းဆုံးဘောလုံးသမားအဖြစ် ကျော်ကြားလာသူဖြစ်သည်။

အဆိုပါဂိုးသမားသည် အာဆင်နယ်အသင်းတွင် လက်ရှိကစားနေသော လေးမန်းနှင့် အယ်မူနီယာတို့ကဲ့သို့ အစွမ်းအစရှိသူလည်းဖြစ်သည်ဟု နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

ယင်းလူငယ်ဂိုးသမားသည် မိမိတို့အသင်း အောင်မြင်ရေးအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် နည်းပြဝင်းဂါးက ပြောကြားသည်။ (အင်တာနက်)

ထိရောက်မှုအရှိဆုံးနှင့် အမြန်ဆုံးသက်သာပျောက်ကင်းစေမှာ

FLUZA Tab.

A Quality Product from Korea Pharma Co. Ltd.

MARKETED BY : PACIFIC PHARMACEUTICAL PTE. LTD.
Tel : (01) 249588, 249591~3, (02) 30040

တုပ်ကွေး အအေးမိ ဖျားနာ

အမည်ပြောင်း
အဖ ဦးရဲမြင့်ကျော် ၈/ပခက(နိုင်)၀၂၉၄၈၇၏သားဖြစ်သူ အလက(၃) ပခုက္ကူ အဋ္ဌမတန်း(အောင်)မှ မောင်သုတအောင်အား ယနေ့မှစ၍ မောင်ရဲမြတ်အောင် ၈/ပခက(နိုင်)၂၂၉၆၅၀ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း
ဦးဝင်းကျော်၏သမီး အထက(၁) ကော့ကရိတ် Grade-10 မှ မအေးမြသူကျော်အား အေးမြတ်သူကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မအေးမြတ်သူကျော်။

အမည်ပြောင်း
အဖ ဦးဇော်မင်းထွန်း၏သမီး အထက(၁) ကမာရွတ် အဋ္ဌမတန်း (ဂ)မှ မသက်သစ္စာထွန်းအား မသစ္စာထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မသစ္စာထွန်း။

အမည်ပြောင်း
အဖ ဦးမြင့်ထွန်း၏ သမီးဖြစ်သူ အထက(၁) မြောက်ဥက္ကလာပ အဋ္ဌမတန်း(A)မှမအိကေကေအား မအိကေမျိုး(ခ)မအိကေကေကျော်ဟု ပြောင်းလဲခေါ်ပါရန်။
အိကေမျိုး(ခ)အိကေကေကျော်။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့ အထက(၃) နဝမတန်း (F.7) မှ မောင်ဘရန်နန်၏ ဖခင်အမည်မှန်မှာ ဦးနော်လောန် ဖြစ်ပါသည်။
ဦးနော်လောန်။

ရေခဲမုန့်၊ မစ်ရှိတ်၊ အအေးစုံ၊ ကိတ်နှင့် မုန့်ဖုတ်သင်တန်း
စီးပွားဖြစ် အချိုရည်၊ ဖျော်ရည်၊ ဂျယ်လီမျိုးစုံထုတ်လုပ်သင်တန်း
သင်တန်းရက် (1)(2-6-07) မှ (7-6-07) သင်တန်းရက် (2)(4-6-07) မှ (9-6-07) ထိ
Master သင်တန်း အမှတ်(၄၆)ဘိုကလေးဈေးလမ်း(အောက်ဘလောက်) (ဂမုန်းပွင့်အနီး)ရန်ကုန်။ဖုန်း-09-5134497 MRTV-4 (VCD)ပေးမည်

REGD
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၊၈/၂၀၀၅၊တဆထလ/တိုး(၉၄)
မှတ်မိတယ်နော်
စိန်ဘယက်
ငန်းနီကျော်
ဖျားနာ ကိုက်ခဲ တုပ်ကွေးပျောက်
စိန်ဘယက် ငန်းနီကျော်ကို သောက်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၅၀၇ YR ၀၀၉၀၂
REGD

၁၀/၂၀၀၅ တဆထလ၊ တိုး (၅၄)
အစာမကြေခြင်း အတွက်
အဝေရာ
ရှိတယ်
အဝေရာအစာကြေဆေးလုံး / ဆေးဖြူး (ဆေးဘူး / ဆေးထုပ်) ထုတ်လုပ်ပါသည်။

ကုန်စည်ပြပွဲကျင်းပမည်
ရွှေဘို ၆-၆-၂၀၀၇ မှ ၁၀-၆-၂၀၀၇
မုံရွာ ၁၄-၆-၂၀၀၇ မှ ၁၈-၆-၂၀၀၇
မန္တလေး ၂၆-၆-၂၀၀၇ မှ ၃၀-၆-၂၀၀၇
ပျဉ်းမနား ၄-၇-၂၀၀၇ မှ ၈-၇-၂၀၀၇
ရွှေခြည်သို့ သဗ္ဗဝါယမ အသင်း လီမိတက်
ဖုန်း-၀၉-၅၁-၇၃၀၇၆၊ ၃၇၁၈၀၀၊ လိုင်းခွဲ-၃၉၄-၄၀၈၊ ၆၃၆၅၀၉။

ရောင်းမည်
အသုံးမပြုရသေးသော
(၁) Nissan Diesel Reio CW 610 Dump ၉ခ/၅ ...... ကျော် နှစ်စီး
(၂) Mitsubishi 6D 22 Mp 218 Bus ၉ခ/၅....ကျော် Original Highway Bus (ခါးပေါက်မပါ) ၃၇ပေတစ်စီး
ဆက်သွယ်ရန်- ဖုန်း-၀၉-၅၁-၅၄၀၀၄၊ ၀၉-၅၁-၃၇၅၇၅။

ဦးအောင်ဟိန်းကျော်
-Translation
သီးသန့်တန်း ဖွင့်ပြီ
အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စာ ရေးနည်း • အခြေခံမှစ၍ရေးတတ်အောင်သင်သည်
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ရန်ကုန်။ 392468, 095171841

သစ်ပင်
စိုက်ပါ
ဒို့ကမ္ဘာ
သာယာ
လှပ
စိမ်းမြမြ

မြန်မာ့အလင်း
ဟောင်ပိတ် အားကစားသတင်း

အီတလီစီးရီးအေပွဲစဉ်များ ပွဲသိမ်း ချီယေဗို၊ အက်စ်ကိုလီနှင့် မက်ဆီနာတို့တန်းဆင်း

ရောမ မေ ၂၇

အီတလီစီးရီးအေ နောက်ဆုံးပွဲစဉ်အဖြစ် မေ၂၇ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချီယေဗိုအသင်းသည် ကာတာနီယာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီး တန်းဆင်းသွားရသည်။

မက်ဆီနာအသင်းသည် ရိုးမားအသင်းကို လေးဂိုး-သုံးဂိုးဖြင့်ရှုံးနိမ့်ပြီး တန်းဆင်းခဲ့သည်။ အက်စ်ကိုလီအသင်းသည် ကက်ဂလီယာရီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သော်လည်း တန်းဆင်းဇုန်မှ မလွတ်မြောက်ဘဲ တန်းဆင်းခဲ့ရသည်။

အင်တာမီလန်အသင်းသည် တိုရီနိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ရမှတ် ၉၇မှတ်ဖြင့် စီးရီးအေချန်ပီယံဖြစ်ခဲ့သည်။ ရိုးမားက ရမှတ် ၇၅မှတ်ဖြင့် ဒုတိယလိုက်သည်။ လာဇီယိုက ရမှတ် ၆၂မှတ်ဖြင့် တတိယရပြီး ချန်ပီယံလိဂ်ဖလားပိုင်ရှင် အေစီမီလန်က ရမှတ် ၆၁မှတ်ဖြင့် စတုတ္ထနေရာမှ ရပ်တည်သည်။ (အင်တာနက်)

မြန်မာ့အလင်း
အင်တာနက်ဖောင်ပိတ်သတင်း

ဂါဇာမြို့ကို အစ္စရေးတို့ လေကြောင်းမှဗုံးကြဲတိုက်ခိုက် ဟားမတ်စ်တို့ဒုံးကျည်များဖြင့်ပြန်လည်ပစ်ခတ်

ဂါဇာ မေ ၂၇

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ လွန်ခဲ့သော ၁၂ရက်က ဖြစ်ပွားခဲ့သည့်ပဋိပက္ခသည် အခြေအနေ ပိုမိုဆိုးရွားလာလျက်ရှိသည်။

ယနေ့ မေ ၂၇ရက်တွင် ဂါဇာမှပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်း အစ္စရေးနယ်စပ် ဆဒါရော့မြို့အတွင်း ကျရောက်ခဲ့ရာ အမျိုးသားတစ်ဦး သေဆုံးသွားသည်။

ထိုသို့ပစ်ခတ်မှုများ ပိုမိုဆိုးရွားလာသဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်တို့ကို ဆက်လက်တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အေဟွတ်အိုမတ်က ပြောကြားလိုက်သည်။

အစ္စရေးတပ်များက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ၁၂ရက်အတွင်း လူပေါင်း ၄၀ သေဆုံးခဲ့ပြီဖြစ်သည်။ (အပေါ်ပုံ)

ဟားမတ်စ်တို့သည် မေလလယ်မှစပြီး အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့်ပစ်ခတ်ခဲ့ရာ ဒုံးကျည်အလုံးပေါင်း ၂၃၀ရှိသွားပြီဖြစ်ကြောင်း အစ္စရေးစစ်တပ်က ပြောကြားသည်။

မကြာမီ ရက်များက ဟားမတ်စ်တို့ပစ်ခတ်လိုက်သော ဒုံးကျည်ကြောင့် အစ္စရေးအရပ်သားတစ်ဦး သေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

မေ၂၆ရက်က အစ္စရေးတပ်များသည် အနောက်ဘက်ကမ်း၌ ဟားမတ်စ်အဖွဲ့ဝင် တစ်ဦးအား ဖမ်းဆီးခဲ့သည်။

နေ့စဉ်ကော်ဖီများများသောက်လေ အဆစ်အမြစ်ရောင်ရောဂါကင်းဝေးလေဖြစ်

မြန်မာ့အလင်း
အင်တာနက်
ကျန်းမာရေး

တစ်နေ့လျှင် ကော်ဖီလေးခွက်နှင့်အထက် သောက်ခြင်းဖြင့် ဂေါက်နာခေါ် အဆစ်အမြစ်ရောင်ရောဂါဖြစ်ပွားမည့် အန္တရာယ်နည်းပါးစေကြောင်း ကနေဒါသိပ္ပံပညာရှင်များက ပြောကြားသည်။

ယူရစ်အက်ဆစ်

ဗြိတိသျှ ကိုလံဘီယာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ ကော်ဖီများများသောက်သူများ၏ သွေးထဲတွင် ယူရစ်အက်ဆစ် လျော့နည်းကြောင်း တွေ့ရသည်။

သွေးထဲတွင် ယူရစ်အက်ဆစ် လွန်လွန်ကဲကဲများနေလျှင် ဂေါက်နာခေါ် အဆစ်အမြစ်ရောင်ရောဂါ ဖြစ်သည်။ ဗြိတိန်နိုင်ငံ၌ ထိုရောဂါဖြစ်သူ ခြောက်သိန်းခန့်ရှိပြီး မကြာမီနှစ်များအတွင်းတွင် တိုးပွားလာသည်ဆို၏။

စူးစမ်း

၁၉၈၈ မှ ၁၉၉၄ ခုနှစ် အတွင်း အမျိုးသား၊ အမျိုးသမီး ၁၄၀၀၀တို့၏ အစားအသောက် အလေ့အထတို့ကို လေ့လာစူးစမ်းခဲ့ခြင်းဖြစ်ပြီး တွေ့ရှိချက်များကို အဆစ်ရောင်နာ ပြုစုစောင့်ရှောက်ရေးနှင့် သုတေသန ဂျာနယ်တွင် ဖော်ပြထားသည်။

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် စကားဝိုင်း ဆွေးနွေးပွဲကို မေ ၉ရက်က မကွေးမြို့ မကြီးကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ကျင်းပရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့် အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ တောင်ကြီး၌ ထပ်ဆင့်ရှင်းလင်း

တောင်ကြီး မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မေ ၁၀ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ဦးစီးအရာရှိ ဦးချီမောင်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များ၊ ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များကို အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်းသည်။

ဆက်လက်၍ မွန်းလွဲ ၁နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုကျင်းပရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် ၁၃ မြို့နယ်မှ ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ဒေါ့ဖုန်းယန်မြို့ မိုင်းဖု–နားလုံ ကျေးလက် မြေသားလမ်းကို ဧပြီ ၇ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

သန့်ရှင်းကောင်းမွန်မှုအတွက် ဂုဏ်ပြုဆုပေးအပ်

ကျောက်ပန်းတောင်း မေ ၂၂

မြန်မာ့မီးရထား တိုင်း(၁၁)လက်အောက်ရှိ ကျောက်ပန်းတောင်းဘူတာအား သန့်ရှင်းသပ်ရပ်လှပစိုပြည် ကောင်းမွန်မှုအတွက် မီးရထားဝန်ကြီးဌာန ဝန်ကြီး၏ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၄ ရက် နံနက် ၉ နာရီက ကျောက်ပန်းတောင်းဘူတာရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ဦးလှအေး (တိုင်း–၁၁၊ အထွေထွေမန်နေဂျာ)က ဝန်ကြီးမှ ချီးမြှင့်သော ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေရရှိခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဦးခင်မောင်အေး(တိုင်း–၁၁၊ မန်နေဂျာ/ပုဂံဘူတာ)က တိုင်း(၁၁)ကိုယ်စား ကျောက်ပန်းတောင်း ဘူတာရုံပိုင်နှင့် ဝန်ထမ်းများအား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးက ချီးမြှင့်သည့် ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကို ဦးလှအေး(တိုင်း–၁၁၊ အထွေထွေမန်နေဂျာ)က ပေးအပ်ရာ ကျောက်ပန်းတောင်းဘူတာ တာဝန်ခံရုံပိုင် ဦးခင်မောင်အေးက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

တာလေ ကျေးရွာများအတွက် ရုပ်မြင်သံကြားပြစက်လှူဒါန်း

တာလေ မေ ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၃ရက် နံနက်၁၀နာရီက တာလေမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဦးနှင့်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သီဟတို့က အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ လှူဒါန်းသော ၂၁လက်မရုပ်မြင်သံကြားပြစက် သုံးလုံးကို ခရိုင်အတွင်းရေးမှူး ဦးကျော်သီဟနှင့် အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအာဇီးတို့က ပေးအပ်လှူဒါန်းရာ နားယောင်းကျေးရွာအုပ်စုရှိ ဟာကြားကာကျေးရွာ၊ ဟွေ့ဝုန်းကျေးရွာနှင့်အမှတ် (၃)ရပ်ကွက်မှ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရေနံချောင်းမြို့နယ် ညောင်ဖောက်ချောင်းကျေးရွာ၊နတ်ကန်ဦးကျေးရွာနှင့် သစ်ဖြူပင်ကျေးရွာများရှိ နှစ်လက်မ စက်ရေတွင်းရေရှည် ကောင်းမွန်စေရေးနှင့် ရေပန့်များ ကြံ့ခိုင်မှုရှိရေးကို ဧပြီ ၂၁ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ချိုချိုနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြံ့ခိုင်ရေးသင်တန်းဆင်းပွဲ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ မေ ၂၂

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် လူငယ်ရေးရာ စဉ်တိုက်လှုပ်ရှားမှု (ခါနွေဦးကာလ)ဒေသအဆင့်ကြံ့ခိုင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ ပညာရေးတနာခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် လူငယ်တာဝန်ခံ ဦးတင်ဝင်းနှင့် ခရိုင်အတွင်းရေးမှူး ဦးခင်မောင်ဦးတို့က သင်တန်းဆင်း အမှာစကား ပြောကြားကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်စိုးနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းတို့က သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများကိုလည်းကောင်း၊ ခရိုင် အတွင်းရေးမှူး ဦးခင်မောင်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများကို လေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသို့ လည်းကောင်း၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးနှင့် အလုပ် အမှုဆောင်များက သင်တန်းဆင်းလက်မှတ်နှင့် သင်တန်း စစ်ရေးပြဆရာများအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရေအားလျှပ်စစ် ရေသွယ်မြောင်းမှ နုန်းများဆယ်

မင်းတပ် မေ ၂၀

မင်းတပ်မြို့ကို လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ချီချောင်းရေအားလျှပ်စစ် ရေသွယ်မြောင်းမှ နုန်းများဆယ်ယူခြင်းလုပ်ငန်းကို မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ချို၊ မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မေ ၁၂ ရက်က ဆောင်ရွက်ကြသည်။

အဆိုပါ ရေမြောင်း နုန်းဆယ်ယူခြင်းလုပ်ငန်းကို မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သထုံ၌ အဆို၊အက၊အရေး၊အတီး အခြေခံသင်တန်းဖွင့်

သထုံ မေ ၁၂

သထုံခရိုင်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၈ နာရီခွဲက သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းလှိုင်က အမှာစကားပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြများက တစ်ဦးချင်း မိတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သင်တန်းကြီးကြပ်ရေးကော်မတီဝင်များ၊ သထုံခရိုင်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများ၊ လေးမြို့နယ်မှ သင်တန်းသား၊သင်တန်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို မေ ၃၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ် (၁၆)ပြည်ထောင်စုလမ်းနေ ဦးတင်အောင်ကျော်–ဒေါက်တာ ဒေါ်ပပဝါမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရ ပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို အလှူရှင်ကိုယ်စား မခင်မာဝင်းက ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးကြီးမြင့် လက်ခံယူစဉ်။ (၃၈၀)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးထွန်းဇော်ချစ်၊ ကျန်းမာရေးမှူး (၂) ဦး မြတ် သူ နှင့် တာ ဝန် ရှိ သူ များ လိုက်ပါလျက် မေ ၂ရက်က တောင်ငူမြို့နယ် ကြံတောကျေးရွာ၌ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဟောပြောပွဲနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်မှ ဦးစိုးလင်း-ဒေါ်မြသီတာလင်း၊ သားမောင်သော်ထွန်း(ခ) ဒင်နီရယ်လင်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ငွေကျပ်၁၀သိန်းလှူဒါန်း

အမှတ် ၃၂ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ်နေ ဦးကျင်မောင်-ဒေါ်စိန်စိန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၁၄ ရက်
၂၈-၅-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည့်ထွန်းကား (ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာ၏ စိုက်ပျိုးအောင်မြင်မှုများ)
၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် (ဖေယျာရွှေမြေ-ဦးဇော်မိုးကျော်)
၁၂:၀၀ သူ့အတွေးနှင့်သူ့အရေး (ပျော်ရွှင်ရေးအတွက် လိုအပ်ချက်များ)
၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အလှဆင်ပေးသူ)
၁၂:၄၅ ကဏ္ဍစုံစွာဆွေးနွေးစရာ (ရှေးဟောင်းသုတေသနဦးစီးဌာန အကြံပေးပုဂ္ဂိုလ် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အတွင်းရေးမှူး-ဒေါက်တာဦးဖေညာဏ်နှင့် ဆွေးနွေးခန်း)

ညနေပိုင်း

၁၆:၀၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) လှမြတိုင်းသာလှပါစေ (စန္ဒရားနီနီအဖွဲ့)
(၂) တောင်တန်းကြီးတွေ တည်ရှိနေသ၍ (စန္ဒရားမြဦးအဖွဲ့)
(၃) ဒို့ကမ္ဘာလေးကပျော်စရာ (ကိုတင်ကိုးအဖွဲ့)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ကချင်ပြည်နယ်မိုးညှင်းမြို့နယ်မှထွက်ရှိတဲ့ ဆီတို့ဟူး၊ မုန်ညင်းချဉ်နှင့် ငါးပေါက်သီးယို)
၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာပျော်ရွှင် အသက်ရှည်ချင်သလား လေ့ကျင့်ခန်းလုပ်ပါ-ရဲကောင်းထက်)
၁၇:၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈:၂၅ ကျေးလက်ဇာတ်လမ်း(စိုက်ဦးမှာ)
၁၉:၁၅ ကျန်းမာရေးနှင့် ဆေးပညာ (အအေးမိဖျားနာ တုပ်ကွေးရောဂါ)
၁၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ချစ်သူချင်းမို့သိနားလည် (ဇော်မင်းလေး၊ ငွေငွေမြင့်)
(၂) မင်းပဲအနားမှာနေ(ကိုင်ဇာ၊ မေဆွိ)
(၃) အသည်းထဲက ချစ်စကားတွေ (ကျော်ဟိန်း၊ မေရွက်ဝါ)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်ပုန်းလေးလူမိသွားပြီ(မေစန္ဒာ)
(၂) ခွင့်ခြေမေတ္တာဆိုပါမယ်(ရေနံ့သာစိုးလှိုင်)
(၃) ပန်လိုသည်မှာ (ခင်ခင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးဆန်းထွန်းဦး၏(၃၁)နှစ်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ဇနီးဒေါ်ကေသွယ်တင်၊သမီး မပန်းရှင်မင်းသူ၊ သား မောင်ခန့်သီဟသိန်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်ပြည်တော်သာ အရှင်စန္ဒန(မွှေ့စရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မွေးနေ့မင်္ဂလာ ဆုတောင်း

ရန်ကုန်မြို့ မြို့တော်စည်ပင်(ပန်း/မန်) ဌာန မင်းဓမ္မမှ ဘိုးဘိုး ဗိုလ်ကြီးကြည်မောင်ဝေ၊ တောင်ကြီးမြို့ ညောင်ဖြူစခန်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဘွားဘွား ဒေါ်နီလာသန်းတို့၏ မြေးဦး၊ ဖေဖေ ဦးဝေမိုးအောင်၊ မေမေ ဒေါ်နန်းဝေဝေခင်တို့၏သားဦး သားသား စိုင်းပိုင်သက်ကျော်၏ ၂၈-၅-၂၀၀၇ရက်တွင် ကျရောက်သော (၁)နှစ်ပြည့်မြောက် ကင်ပွန်းတပ်မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း များစွာတိုင် အေးချမ်းသာယာ ပြည့်စုံ ပျော်ရွှင်နိုင်ပါစေ။

ဖေဖေ - ဦးဝေမိုးအောင်၊
မေမေ - ဒေါ်နန်းဝေဝေခင်။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံမှ အောက်ဖော်ပြပါစက်နှင့် စက်ပစ္စည်းများအား မြန်မာကျပ်ငွေ/ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်းပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါအမှတ်-၂/၂၀၀၇-၂၀၀၈(အဝယ်)

ဝယ်ယူလိုသည့်ပစ္စည်း	အရေအတွက်
ချည်မျှင်ရက်ကန်းအချောကိုင်စက်နှင့်စက်အရန်ပစ္စည်းများ	1-Lot
တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	၁၇-၅-၂၀၀၇ရက်၊
တင်ဒါပိတ်မည့်ရက်/အချိန်	၃၀-၅-၂၀၀၇ရက်၊ (၁၆:၀၀)နာရီ

၂။ ၁၇-၅-၂၀၀၇ရက် ရတနာပုံသတင်းစာပါ ဤစက်ရုံ၏တင်ဒါအမှတ် ၂/၂၀၀၇-၂၀၀၈ တင်ဒါပိတ်ရက် ၂၃-၅-၂၀၀၇ရက်အစား ၃၀-၅-၂၀၀၇ရက်၊ (၁၆:၀၀)နာရီသို့ ပြင်ဆင် သတ်မှတ်ပါသည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စီမံရေးဌာနတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိ စုံစမ်းလိုပါက စက်ရုံစီမံရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းအမှတ် ၀၆၆-၄၀၃၁၉သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ချည်မျှင်နှင့် အထည်စက်ရုံ(ဆားလင်းကြီး)ရှိ ကုန်ထုတ်စက်များအတွက် စက်အရန်ပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်	
(က)	Timing Belt (160-H)	50	Nos
(ခ)	Timing Belt (660-H)	25	Nos
(ဂ)	Timing Belt (390-L)	8	Nos
(ဃ)	Timing Belt (600-H)	15	Nos
(င)	Timing Belt (570-H)	20	Nos
(စ)	Twister	500	Nos
(ဆ)	Timing Belt (5x146x40)	10	Nos
(ဇ)	Stick Spring	302	Nos
(ဈ)	Stripping Wire Clothing (28 mmx 38.1 mmx 61m)	2	Box
(ည)	Ring Traveller 6903 5/0	10	Box
(ဋ)	Ring Traveller 6903 10/0	10	Box
(ဌ)	Steel Reed 64/2 D	200	Nos
(ဍ)	Knotter Knife	3000	Nos
(ဎ)	Cone Drum Belt	10	Nos

ဈေးနှုန်းလွှာပိတ်ရက်နှင့်အချိန် - ၃၁-၅-၂၀၀၇ရက် ညနေ (၅:၀၀)နာရီ
၂။ ဈေးနှုန်းလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို စီမံကိန်းဌာန၊ ချည်မျှင်နှင့် အထည်စက်ရုံ(ဆားလင်းကြီး)နှင့် တယ်လီဖုန်းအမှတ် ၀၇၁-၂၂၈၇၅၊ ၂၂၈၉၂ တို့သို့ စုံစမ်းဝယ်ယူနိုင်ပါသည်။

မြန်မာ့အထည်အလိပ်လုပ်ငန်း
ချည်မျှင်နှင့် အထည်စက်ရုံ(ဆားလင်းကြီး)၊ဆားလင်းကြီးမြို့။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

28, Dartview Close, Grays, Essex, UK နေ
Mr.Roger Sin Chan + Mrs. Helen Sin Chan တို့၏သား

Dr. Christopher Michael Sin Chan
B.Sc (Hons); M.B., B.S(University of London)
House Officer, Queens Hospital, Romford

နှင့်

12/B သလ္လာဝတီလမ်း ၇မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ
ပါမောက္ခ ဒေါက်တာဦးမြင့်သိန်း (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကု)နှင့်
ပါမောက္ခ ဒေါက်တာဒေါ်မိမိချို (ဦးနှောက်နှင့် အာရုံကြောဆေးကု)တို့၏တစ်ဦးတည်းသောသမီး

Dr. ဝင့်ယုမွန်
B.Sc(Hons); M.B., B.S (University of London)
House Officer, Princess Alexandra Hospital, Harlow

တို့ကို မိဘတို့ဝတ္တရားရှိသည်နှင့်အညီ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ ၂၆-၅-၂၀၀၇ ရက်(စနေနေ့)၌ Traders Hotel, Myanmar Ball Room တွင် မေတ္တာဖြင့်ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးသော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာပိုင်စိုးနှင့် ဇနီး၊ မင်္ဂလာညှော်ခံပွဲ အောင်စံပယ်မင်္ဂလာပန်းကုန်းချီးမြှင့်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဦးမောင်မောင်လေးနှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ရင်မေ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)နှင့် တပ်မတော်ဆေးတက္ကသိုလ် အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာဦးမောင်မောင်ဝင့်နှင့် ဇနီး ဒေါ်လဲ့လဲ့ယုတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် ဒေါက်တာတင်တင်ဝေ၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးသော ဒေါက်တာပန်းအိအိသန့်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော ညီမငယ် ထူးမြတ်မိုး၊ မင်္ဂလာပန်းခြင်းကိုင်ပေးသော ညီမငယ် မြတ်မှူးခင်တို့အားလည်းကောင်း၊ အလှပြင်ပေးသော မိတ်ကပ်ခင်စန်းဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားတင်ဝင်းလှိုင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယိုတို့ဖြင့် မှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးအဖွဲ့အားလည်းကောင်း၊ Traders Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ ဧည့်ပရိသတ်အပေါင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
Dr. Christopher Michael Sin Chan-Dr. ဝင့်ယုမွန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/ ၄၅၅၁၊ ယာဉ်အမျိုးအစား ကန်ဘိုဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၁၃/တကန(နိုင်)၀၁၇၀၀၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (တောင်ကြီး)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၃၁၉၃၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မွန်နီး၂/လကန(နိုင်)၀၄၅၈၉၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ကလေးမြို့)။

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် နေခြည်လမ်း အမှတ်၃၈/၁၀နေ ဦးစိုင်းသောင်းကျော်က တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် နေလလမ်း အမှတ်(၁၅၀-အေ)နေ ဒေါ်ချိုချိုသက် ၁၃/တကန(နိုင်) ၁၂၉၂၀၃ထံ ၁-၁၁-၂၀၀၆ရက်စွဲပါ စာချုပ်အမှတ် ၂၆၅/၂၀၀၆အရ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးစိုင်းသောင်းကျော် ၁၃/တကန(နိုင်)၁၂၉၃၃၀။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၂၄၀ Toyota Hilux. P/u ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ကြည် မှတ်ပုံတင်အမှတ် ၁၂/ဗဟန(နိုင်)၀၅၃၀၁၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ အနောက်ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၂၃၆၂၈၊ Kenbo Wave 125ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းမော် မှတ်ပုံတင်အမှတ် ၁၄/ကခန (နိုင်) ၀၇၂၁၇၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟင်္သာတ)။

စက်နှင့်စက်ပစ္စည်းကိရိယာများအဝယ်တင်ဒါ

(မြန်မာကျပ်ငွေဖြင့်သာ)

၁။ ဝယ်ယူမည့်ပစ္စည်းများ - လျှပ်စစ်ပစ္စည်းကိရိယာများ (Thermal Relays, Electrical Components and Disconnecting Switchs)
၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၄-၆-၂၀၀၇ရက်၊ (၁၆:၀၀) နာရီ
၃။ နေရာ - ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို စက်ရုံစီမံရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)
ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း
တယ်လီဖုန်းအမှတ် - ၀၆၃-၆၀၂၂၁၊ ၆၀၂၁၈၊ လိုင်းခွဲ-၇၄၇

အမည်ပြောင်း

အဖ ဦးမောင်မောင်ထွေး၏ သမီး အမက(၂) မူလတန်း(လွန်)(လှိုင်) Grade(5) မှ မအေးမြတ်သွယ်အား မအေးမြသွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးမြသွယ်။**

အမည်ပြောင်း

တောင်ကြီးမြို့နယ် အေးသာယာ အထက တတိယတန်း(B)အောင်မှ စိုင်းကျော်ရဲအောင်အား ယနေ့မှစ၍ စိုင်းကျော်စောဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းကျော်စော။

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းယူဉ်ပြိုင်နေမှု ကြည့်ရှုစစ်ဆေး တပ်ကုန်းမြို့နယ်၌ တစ်ဧကတင်း ၁၂၀ ကျော်ထွက်သည့် မနောသုခစပါးမျိုး စိုက်ပျိုးထား

နေပြည်တော် မေ ၂၇

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ကြက်ဆူစိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ခေတ်အေးကျေးရွာ ကြက်ဆူစိုက်ပျိုးခင်းတွင် ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားသည်။

ရည်မှန်းချက်ထားရှိ

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုသည် နိုင်ငံတော်၏ လောင်စာဆီ လိုအပ်ချက်အရ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခြံစည်းရိုးကြက်ဆူကဲ့သို့ အစားထိုးလောင်စာဆီများ ကြိုးပမ်းရှာဖွေလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်တွင် လယ်ယာသုံး စက်ပစ္စည်းများအား ကြက်ဆူဆီဖြင့် အစားထိုးအသုံးပြုရန် ရည်မှန်းချက်ထားရှိကြောင်း၊

စာမျက်နှာ ၁၂ ကော်လံ ၄ ●

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တပ်ကုန်းမြို့နယ် ဆရာစံ ရပ်ကွက်တွင် နွေစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျောင်းကုန်းမြို့နယ် ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ ကျေးရွာအချင်းချင်း လွယ်ကူလျင်မြန်စွာဆက်သွယ်သွားလာနိုင်မည်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၂၆ ရက် နံနက် ၈နာရီခွဲတွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ပြီးစီးသော ဝက်ချောင်းကျေးရွာအဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ■

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ချင်းကုန်း-ချောင်းဖျား-ငပိဆိပ် ကျေးလက် ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနား တက်ရောက်ချီးမြှင့်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ ၂၈-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

တိုင်းပြည်အကျိုးမပြုသောလုပ်ဆောင်ချက် စိတ်ဝင်စားမှုမရှိ ပါတီနှင့်ပါတီခေါင်းဆောင်တို့အပေါ် ယုံကြည်မှုမရှိ မော်လမြိုင်ကျွန်းမြို့နယ်မှ NLD ပါတီဝင် ၂၂ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၇

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော လေးအိမ်တန်းကျေးရွာနေ ဦးတင်ရွှေအပါအဝင် ၂၂ ဦးတို့သည် မေ ၂၅ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီ၏ တိုင်းပြည်အတွက် အကျိုးမပြုသော လုပ်ဆောင်ချက်များကို စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်တို့ အပေါ်တွင်လည်း ယုံကြည်မှုမရှိတော့သဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**